NEWS
THE CARTER CENTER
ONE COPENHILL, ATLANTA, GA 30307

**ချက်ခြင်းထုတ်ပြန်ရန်**
**မတ်လ ၃၀၊ ၂၀၁၅ခုနှစ်။**
**ဆက်သွယ်ရန်။** အတ္တလန်တာ - Soyia Ellison, soyia.ellison@emory.edu
ရန်ကုန် - Stefan Krause, skrause@mail.cceom.org

# Carter Center မှ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် အစီရင်ခံစာနှင့် အကြံပြုချက်များ ထုတ်ပြန်

**အတ္တလန်တာ** - Carter Center ၏ ယနေ့ထုတ်ပြန်သော လေ့လာရေးမစ်ရှင်အစီရင်ခံစာအရ မြန်မာနိုင်ငံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ အထွေထွေရွေးကောက်ပွဲ မတိုင်မီကြိုတင်၍ ရွေးကောက်ပွဲ လုပ်ငန်းစဉ် ပွင့်လင်းမြင်သာမှုရှိစေရေးနှင့် မှန်ကန်ပြည့်စုံစေရေးတို့အတွက် ကြိုးပမ်းလုပ်ဆောင်နေသည် ဖြစ်ပါသည်။ သို့သော်ငြားလည်း လာမည့်ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်များ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများထံမှ ယုံကြည်မှုရရှိနိုင်ဖို့ဆိုလျှင် အဓိကစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်နေပါသည်။

Carter Center မှ အဓိက တွေ့ရှိချက်များတွင် အောက်ပါတို့ ပါဝင်သည်။

- *နိုင်ငံတကာနှင့် ပြည်တွင်း စောင့်ကြည့် လေ့လာမှု* - ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို စောင့်ကြည့်လေ့လာရန် နိုင်ငံတကာစောင့်ကြည့် လေ့လာသူများကို ဖိတ်ကြားရန် ကတိပြုပြီးဖြစ်ပြီး စောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်နှင့် အသိအမှတ်ပြုလွှာ ထုတ်ပေးသည့် လုပ်ငန်းစဉ် ရေးဆွဲရေးတွင်လည်း ပြည်တွင်းစောင့်ကြည့် လေ့လာသူ အဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းလုပ်ဆောင်ခဲ့ပါသည်။ ဤသည်မှာ အပြုသဘောဆောင်သော ခြေလှမ်းတစ်ခုဖြစ်ပြီး ၂၀၁၀ ရွေးကောက်ပွဲများနှင့် ၂၀၁၂ ကြားဖြတ် ရွေးကောက်ပွဲများနှင့်လည်း သိသိသာသာကွဲပြားခြားနားပါသည်။ Carter Center ၏

ကွင်းဆင်းဝန်ထမ်းများသည် ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် ကန့်သတ်မှုအနည်းငယ်မှအပ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ခွင့် ရရှိခဲ့ပါသည်။

- *ရွေးကောက်ပွဲဆိုင်ရာ မူဘောင်* - အခြေခံဥပဒေဆိုင်ရာ မူဘောင်တွင် နိုင်ငံတကာဒီမိုကရေစီ စံသတ်မှတ်ချက်များနှင့် ယှဉ်ပါက သိသာသည့် အားနည်းချက်များ ရှိနေသေးသော်လည်း၊ ကြိုတင်မဲပေးခြင်း လုပ်ငန်းစဉ်ကဲ့သို့သော အဓိက ကွာဟနေသည့် အကြောင်းအရာများကို နည်းဥပဒေများက ကိုင်တွယ်ဖြေရှင်းပေးနိုင်ခဲ့လျှင် လူအများယုံကြည်လက်ခံသော ရွေးကောက်ပွဲများ ကျင်းပရေးကိုပံ့ပိုးမှုဖြစ်စေမည့် အလားအလာ ရှိပါသည်။

- *နိုင်ငံရေးအရ ပါဝင်လုပ်ကိုင်နိုင်ခွင့်နေရာ* - နိုင်ငံရေးလုပ်ခွင် ပွင့်လမ်းလာမှုသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ကွဲပြားခြားနားသော်လည်း ၂၀၁၀ ခုနှစ်နှင့် ၂၀၁၂ခုနှစ် တို့ထက် ပိုမိုလွတ်လပ်သော ဝန်းကျင်ဖြစ်ကြောင်း နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာများက ယေဘုယျအားဖြင့် ပြောကြပါသည်။ ပြောင်ပြောင်တင်းတင်း စိတ်အနှောင့်အယှက် ဖြစ်အောင်လုပ်ဆောင်မှု၊ ခြိမ်းခြောက်မှုတို့ အားဖော်ပြခြင်း နည်းသော်လည်း မြေယာသိမ်းဆည်းမှု များနှင့် အဂတိလိုက်စားမှုများ ကဲ့သို့သော ထိလွယ်ရှလွယ်ကိစ္စရပ်များကို ဖော်ထုတ်ရာတွင် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်များထံမှ ဆိုးရွားသည့်တုန့်ပြန်မှုများဖြစ်လာမည်ဟူသည့် ကို ကြောက်ရွံ့ စိုးရိမ်မှုများ အတော်များများတွင်ရှိနေပါသည်။

- *မဲပေးပိုင်ခွင့်နှင့် နိုင်ငံရေးအရ ပါဝင်နိုင်မှု* - ယာယီသက်သေခံ လက်မှတ်သက်တမ်း ကုန်ဆုံးမှု အစီအစဉ်ချမှတ်မှုသည် အစိုးရက အဆိုပါလက်မှတ်ကိုင်ဆောင်သူများအား သက်သေခံလက်မှတ် အသစ်ရရှိရန် လျင်မြန်စွာမလုပ်ဆောင်ပါက ၎င်းတို့၏ မဲပေးခွင့်များ ဆုံးရှုံးရမည့်ရလာဒ် ထွက်ပေါ်လာနိုင်ပါသည်။ အဆိုပါ သက်ရောက်မှုကို ခံစားရမည့် လူအများစုမှာ တိုင်းရင်းသားအုပ်စု များနှင့် ဘာသာရေးလူနည်းစုများမှ လူများဖြစ်ပြီး အများစုမှာ ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများ ဖြစ်ပါသည်။ ဤသည်မှာ စိုးရိမ်ရသည့် အရေးပါသည့် အပိုင်းတစ်ခု ဖြစ်ပါသည်။

- *လူမျိုးရေးဆိုင်ရာ တင်းမာမှုများ* - Carter Center မှ သွားရောက်ခဲ့သော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လူမျိုးရေးတင်းမာမှုများမှာ စိုးရိမ်ဖွယ် ထူးထူးခြားခြား လက္ခဏာတစ်ရပ် အနေဖြင့် ထွက်ပေါ်နေသည်ကို မတွေ့ရသော်လည်း၊ မွတ်ဆလင်ဆန့်ကျင်ရေး ရေးသားပြောဆို နေမှုများမှာ ပုံမှန်လိုဖြစ်နေပြီး လူနည်းစု ဘာသာရေးအသိုင်းအဝိုင်း ခေါင်းဆောင်များက ရွေးကောက်ပွဲ လုပ်ငန်းစဉ်များသည် လူမျိုးရေး တင်းမာမှုများကို ပိုမို ဆိုးရွားစေမည် သို့မဟုတ် ပဋိပက္ခဖြစ်လာမည်ကို စိုးရိမ်ကြောင်း ထုတ်ဖော် ပြောဆိုကြပါသည်။ ဘာသာပေါင်းစုံ တွေ့ဆုံဆွေးနွေးမှုများနှင့် ပဋိပက္ခ ဖြေရှင်းမှုများကို ပိုမို ကြိုးစားအားထုတ်ရန်မှုများ လိုအပ်နေပါသည်။

- *ရွေးကောက်ပွဲဆိုင်ရာ မှန်ကန်ပြည့်စုံမှု တိုးတက်စေခြင်း* - ကြိုတင်မဲပေးရာတွင် ပွင့်လင်းမြင်သာမှု မရှိခြင်း အထူးသဖြင့် တပ်မတော်နှင့် အိုးမဲ့အိမ်မဲ့များ၊ ရွှေ့ပြောင်းနေထိုင်သူများ၏ မဲပေးခြင်းများသည် ၂၀၁၀ ရွေးကောက်ပွဲတွင် အဓိက ပြဿနာဖြစ်သော နယ်ပယ်များအဖြစ် တွေ့ရှိခဲ့ရပြီး ၎င်းတို့ကို ဆက်လက် အာရုံစိုက်သတိပြုရန် လိုအပ်နေပါသေးသည်။ ရွေးကောက်ပွဲ လုပ်ငန်းစဉ်၏ အဆိုပါအစိတ်အပိုင်းများကို အပြည့်အဝစောင့်ကြည့်နိုင်စေရန် လုပ်ဆောင်ပေးမည်ဟူသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကတိကဝတ်သည် ရွေးကောက်ပွဲကို ယုံကြည် လက်ခံလာမှုကို သေချာစေမည့် အရေးပါသည့် လက္ခဏာတစ်ရပ် ဖြစ်ပါသည်။

- *ရွေးကောက်ပွဲ စီမံခန့်ခွဲခြင်း* - အဆင့်တိုင်းတွင် ရွေးကောက်ပွဲကော်မရှင်များ၏ အဖွဲ့ဝင်ခန့်အပ်ခြင်းကို ပြဋ္ဌာန်းသတ်မှတ်သော စည်းမျဉ်းများကို ပိုမိုကောင်းမွန်အောင်ကြံဆောင်နိုင်ပါသည်။ အများမှ လက်ခံထားကြသော သိမြင်ချက်တစ်ခုမှာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများက ဒေသဆိုင်ရာ အစိုးရအုပ်ချုပ်ရေးများအပေါ် မှီခိုရခြင်းမှာ ၎င်းတို့၏ သမာသမတ်ကျမှုအပေါ် သက်ရောက်မှုများ ရှိသည်ဟူ၍ ဖြစ်ပါသည်။ တချိန်တည်းတွင် Carter Center ရောက်ရှိခဲ့သော ကော်မရှင်အဖွဲ့ခွဲများသည် ယေဘုယျအားဖြင့် စောင့်ကြည့်လေ့လာမှုကို တံခါးဖွင့်ပေးထားပြီး၊ မဲဆန္ဒရှင်စာရင်းပြုစုမှုများ ကဲ့သို့သော ၎င်းတို့၏လုပ်ဆောင်မှုများကို ကျွမ်းကျင်မှုရှိရှိ၊ ပွင့်လင်းမြင်သာမှု ရှိရှိ လုပ်ကိုင်ရန် သန္နိဋ္ဌာန်ချထားကြောင်း ပြသကြပါသည်။

- *တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ ထိန်းချုပ်သော နယ်မြေများတွင် ကျင်းပသော ရွေးကောက်ပွဲများ* - ရွေးကောက်ပွဲများ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် သက်ရောက်မှုများကို စိုးရိမ်မှုများ ရှိနေသော်လည်း တိုင်းရင်းသားပါတီများက ရွေးကောက်ပွဲများ ကျင်းပနိုင်လိမ့်မည်ဟု အကောင်းမြင်မှုကို ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။ မိမိတို့ရောက်ရှိခဲ့သော နေရာများတွင် လက်နက်ကိုင်အုပ်စုများက ၎င်းတို့ ထိန်းချုပ်ထားသော ဒေသများတွင် ရွေးကောက်ပွဲကို နှောင့်ယှက်လိမ့်မည် မဟုတ်သည့်အပြင် ဖြစ်မြောက်အောင် ကူညီမှုပင်ပေးလိုကြောင်း ပြောကြပါသည်။ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်မှ နယ်စပ်မြို့အချို့မှလွဲ၍ ဖြစ်ပါသည်။ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပအို့ဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် လွိုင်လင်ခရိုင်တို့ အပါအဝင် အချို့ဒေသများတွင် နိုင်ငံရေး နေရာမှာ သိသိသာသာ ကန့်သတ်ထားသည်ကို တွေ့ရပါသည်။

အကယ်၍ ရွေးကောက်ပွဲကို ပွင့်လင်းမြင်သာမှုရှိစွာနှင့် အားလုံးပါဝင်မှုရှိစွာဖြင့် ကျင်းပနိုင်ခဲ့လျှင် ရွေးကောက်ပွဲများသည် ပြည်သူလူထု၏ စိတ်ချလက်ချ ယုံကြည်မှုကို တည်ဆောက်နိုင်ခွင့် ပေးနိုင်မည်သာမက ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးများအတွက် အစိုးရ၏ ကတိကဝတ်ကို သရုပ်ဖော်ပြရာလည်း ရောက်ပါသည်။ Carter Center သည် မိမိတို့၏ တွေ့ရှိချက်များအပေါ် အခြေခံ၍ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၊

မြန်မာအစိုးရနှင့် အခြားနိုင်ငံရေး နယ်ပယ်မှ အဓိကပုဂ္ဂိုလ်များကို အောက်ပါအတိုင်း အကြံပြုချက်များ ပေးလိုပါသည်။

*ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် (UEC)*

- ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ပိုမိုရှင်းလင်းအောင်၊ ပွင့်လင်းမြင်သာမှုရှိအောင် တိုး၍ လုပ်ဆောင် နိုင်ပါသည်။ ရွေးကောက်ပွဲ လုပ်ငန်းစဉ်၏ သွင်ပြင်လက္ခဏာအမျိုးမျိုးအတွက် ကြီးကြပ်စီမံရန် ကျန်ရှိနေသော နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့် လုပ်ငန်းလမ်းညွှန်များကို နောက်ဆုံးရေးဆွဲ အတည်ပြု ၍ အမြန်ဆုံး အချိန်မီ ထုတ်ပြန်ပေးခြင်းဖြင့် နီးနွယ်ပါဝင်သူများအတွက် စိတ်ချလက်ချ ယုံကြည်မှုရှိရှိ လုပ်ဆောင်နိုင်ရေးကို အထောက်အကူပြုပါသည်။ ဤနေရာတွင်ပင် ကော်မရှင်အနေဖြင့် နိုင်ငံအများစုတွင် လုပ်နေကျ သတ်မှတ်ချက်တစ်ခုလို ဖြစ်နေသော ရွေးကောက်ပွဲ အချိန်ဇယားကို ရေးဆွဲထုတ်ပြန်ရန် စဉ်းစား နိုင်ပါသေးသည်။

- ကြိုတင်မဲပေးခြင်းနှင့် အိုးမဲ့အိမ်မဲ့ ဖြစ်နေရသူ ပြည်သူများ မဲပေးနိုင်ရေးနှင့် စပ်လျဉ်းသော စည်းမျဉ်း စည်းကမ်းများနှင့် လုပ်ငန်းစဉ်များကို ရှင်းရှင်းလင်းလင်းဖြစ်စေခြင်းမှာလည်း ရွေးကောက်ပွဲ လုပ်ငန်းစဉ် တွင် စိတ်ချလက်ချ ယုံကြည်မှုရှိရှိ လုပ်ဆောင်နိုင်ရေးကို တိုးတက်စေမည့် ကြိုဆိုရမည့် ခြေလှမ်းတစ်ခု ဖြစ်ပါသည်။ တပ်မတော်နှင့် ပြည်သူရဲ့ တပ်ရင်းများတွင် ကြိုတင်မဲပေးခြင်း လုပ်ဆောင်မှု အပါအဝင် လုပ်ငန်းစဉ်များကို စောင့်ကြည့်လေ့လာသူများနှင့် ပါတီကိုယ်စားလှယ်များ အပြည့်အဝ လက်လှမ်းမီ လေ့လာနိုင်အောင် ညွှန်ကြားချက်များတွင် ခွင့်ပြုထားသင့်ပါသည်။

- လုပ်ငန်းစဉ်တွင် ခွဲခြားဆက်ဆံမှုမရှိရေးနှင့် လူတိုင်းမဲဆန္ဒပေးပိုင်ခွင့်ကို အကောင်အထည်ဖော်နိုင်မှု သေချာစေရန် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် မဲဆန္ဒရှင်စာရင်း ပြုစုရာတွင် အဆုံးစွန်ဆုံး အားလုံးပါဝင်မှုရှိအောင် ဖြည့်ဆီးဆောင်ရွက်သင့်ပါသည်။

- ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း ရေးဆွဲလျက်ရှိသော စောင့်ကြည့်လေ့လာသူများအတွက် အသိအမှတ်ပြုလွှာထုတ်ပေးရေး လုပ်ငန်းစဉ်နှင့် ကျင့်ဝတ်များကို နောက်ဆုံးရေးဆွဲ အတည်ပြုခြင်းသည် ရွေးကောက်ပွဲ လုပ်ငန်းစဉ် ပွင့်လင်းမြင်သာမှုကို ဦးတည်စေသော အရေးပါသော ခြေလှမ်းတစ်ခုဖြစ်ပါသည်။ အတည်ပြုပြီး အသိအမှတ်ပြုလွှာထုတ်ပေးခြင်း လုပ်ငန်းစဉ်ကို အမြန်ဆုံးစတင်နိုင်သည်နှင့် အမျှ စောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တရားဝင်အသိအမှတ်ပြုမှု နှင့် အလုပ်လုပ်နိုင်ကြမည် ဖြစ်ပါသည်။

- အမျိုးသမီးများနှင့် တိုင်းရင်းသားအုပ်စုဝင်များကို ကော်မရှင် အဖွဲ့ခွဲများ၏ အဖွဲ့ဝင်များအဖြစ် ခန့်အပ်ခြင်းသည်လည်း မြန်မာနိုင်ငံတွင် အမျိုးမျိုးကွဲပြားခြားနားမှုအပေါ် ပိုမိုထင်ဟပ်ပေးနိုင်မည်ဖြစ်ပြီး ကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းများအပေါ် ပြည်သူများ ယုံကြည်စိတ်ချမှုကို တိုးတက်စေနိုင်ပါမည်။

- ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ပြည်ထောင်စုအဆင့်တွင် နိုင်ငံရေးပါတီများဖြင့်လည်းကောင်း၊ လူထုအခြေပြုအဖွဲ့ အစည်းများနှင့်လည်းကောင်း ထိတွေ့ဆက်ဆံမှုများ လုပ်ဆောင်ခဲ့သည့်နည်းတူ ဒေသဆိုင်ရာအဆင့်တွင်လည်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် နီးနွယ်ပါဝင်သူများကြား ပိုမိုထိတွေ့ဆက်ဆံမှုများ လုပ်ကြရန် ကော်မရှင်အနေဖြင့် အားပေးသင့်ပါသည်။ ဤသို့လုပ်ဆောင်ခြင်းဖြင့် ရွေးကောက်ပွဲလုပ်ငန်း စဉ်များအပေါ် ပြည်သူများ အသိပညာ ပိုမိုတိုးတက်ရရှိနိုင်ပြီး ကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ဆောင်မှု များတွင်လည်း ပိုမို ယုံကြည်မှုရှိရှိလုပ်လာနိုင်ပါမည်။

*မြန်မာအစိုးရ*

- ဒီမိုကရေစီနည်းကျသော ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် လွတ်လပ်စွာ ဖွဲ့စည်းခွင့်၊ စုဝေးခွင့်နှင့် ဖော်ထုတ်ခွင့်တို့သည် လွန်စွာအရေးကြီးပေရာ အာဏာပိုင်များအနေဖြင့် ထိုအခွင့်အရေးများကို အပြည့်အဝ ခွင့်ပြုသင့်ပေသည်။ အများပြည်သူ တွေ့ဆုံပွဲများ ကျင်းပခြင်းအတွက် လိုအပ်ချက်များကို သုံးသပ်၍ ရိုးရှင်းအောင် လုပ်ဆောင်ပေးခြင်းသည် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအနေဖြင့် ၎င်းတို့၏ အမြင်များကို မဲဆန္ဒရှင်များသို့ ဆက်သွယ်ပြောကြားရာတွင် လုံလောက်ပြီး ညီမျှသော အခွင့်အလမ်းများ ရစေနိုင်ခြင်းကို မြှင့်တင်ပေးနိုင်ပါသည်။ လူထုအခြေပြုအဖွဲ့အစည်း များနှင့် သတင်းစာဆရာများသည်လည်း အနှောင့်အယှက်ပေးခံရမှု၊ အတားအဆီးခံရမှုနှင့် လက်တုန့်ပြန်မှုများကို မကြောက်ဘဲ အလုပ်လုပ်နိုင်သည့် စွမ်းရည် တိုးတက်နိုင်စေမည့် ခြေလှမ်းများ လုပ်ဆောင်ပေးသင့်ပါသည်။

- မဲပေးပိုင်ခွင့်ဆိုသည့် အခြေခံရပိုင်ခွင့်ကို လေးစားမှုရှိကြောင်း သေချာစေရန်၊ လက်ရှိမဲဆန္ဒရှင် စာရင်းတွင် ပါဝင်နေသူအချို့ ယာယီသက်သေခံလက်မှတ် သက်တမ်းကုန်ဆုံးကြောင်း ဆုံးဖြတ်ခြင်းဖြင့် ၎င်းတို့၏ မဲပေးပိုင်ခွင့်ကို မဆုံးရှုံးသင့်ပေ။

- ပြည်တွင်းနှင့် နိုင်ငံတကာ စောင့်ကြည့်လေ့လာသူများ၏ လွတ်လပ်စွာရွေ့လျားသွားလာခွင့်ကို အာမခံပေးသင့်ပြီး၊ လုံခြုံရေးနှင့်ဆိုင်သော တာဝန်ရှိပုဂ္ဂိုလ်များကလည်း စောင့်ကြည့်လေ့လာသူ များ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဝင်ရောက်စွက်ဖက်ရန် ခွင့်ပြုမထားသင့်ပေ။

*အားလုံးသော နီးနွယ်ပါဝင်သူများ*

- တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများအနေဖြင့်ကလည်း နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ စောင့်ကြည့်လေ့လာသူများ၊ သတင်းစာဆရာများ သို့မဟုတ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းများတွင် တားဆီးမှုများ မလုပ်ဆောင်ပါဟု ကတိပြုမှုများ ပြုထားသင့်ပါသည်။

- နိုင်ငံရေးနှင့်ဆိုင်သော အဓိကပုဂ္ဂိုလ်များသည် နိုင်ငံရေးနှင့် ပတ်သက်သော လုပ်ငန်းဆောင်တာများ လုပ်ဆောင်နေစဉ်အတွင်း အမုန်းပွားစေသော စကားလုံးများ အသုံးပြုခြင်း သို့မဟုတ် လှုံ့ဆော်သော၊ ခွဲခြားမှုရှိသောစကားများ အသုံးပြုခြင်းကို ရှောင်ကြဉ်သင့်ပါသည်။ ဤနေရာတွင် လက်ရှိနိုင်ငံရေးပါတီများက ကျင့်ဝတ်များရေးဆွဲနေခြင်းမှာ ကြိုဆိုသင့်သည့် တိုးတက်မှုဖြစ်ပြီး နောက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သဘောတူညီမှုရယူရမည်ဖြစ်ပါသည်။ အစိုးရနှင့် လုံခြုံရေး ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များသည် တင်းမာမှုမြင့်မားနေသော ဒေသများမှ လူနည်းစုအသိုင်းအဝိုင်းများကို အကာအကွယ်ပေးရေးခြေလှမ်းများ လုပ်ဆောင်သင့် ပါသည်။ ဘာသာပေါင်းစုံ တွေ့ဆုံဆွေးနွေးပွဲများကို တက်ကြွစွာထောက်ခံ ကူညီသင့်ပါသည်။

**နောက်ခံအကြောင်း**

ဤအစီရင်ခံစာသည် Carter Center၏ မြန်မာနိုင်ငံတွင် စောင့်ကြည့် လေ့လာခြင်း တာဝန်အရ အကြိုတွေ့ရှိချက်များကို အကျဉ်းချုပ် ဖော်ပြခြင်းဖြစ်ပြီး ၂၀၁၄ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလအတွင်း ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးများသို့ ကွင်းဆင်း သွားရောက်ခြင်း၊ တွေ့ဆုံမေးမြန်းခြင်းများကို အခြေပြုထားပါသည်။ ဤသို့သွားရောက်စဉ်အတွင်း Carter Center သည် အမျိုးမျိုးသော လူအုပ်စုများကို တွေ့ဆုံ၍ ရွေးကောက်ပွဲ မူဘောင်များ၏ အားနည်းချက်၊ အားသာချက် ရွေးကောက်ပွဲပြင်ဆင်မှုအခြေအနေ၊ နိုင်ငံရေးအရ လုပ်ပိုင်ခွင့်နေရာ အတိုင်းအတာများကို လေ့လာခဲ့ပါသည်။ Carter Center သည် မိမိ၏ သုံးသပ်မှုများကို နိုင်ငံတကာတွင် လိုက်နာကြသည့် အချက်များ၊ သတ်မှတ်ချက်များကို အခြေခံ၍ လုပ်ဆောင်ပါသည်။ Carter Center သည် ရွေးကောက်ပွဲတရားဝင် ကြေညာသည်အထိ ကွင်းဆင်းလေ့လာစောင့်ကြည့်မှုများ ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ပြီး ကျန်ရှိသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ သွားရောက်ရန် အစီအစဉ် ရှိပါသည်။

Carter Center သည် အားလုံးပါဝင်သော လူ့အခွင့်အရေးနှင့်အညီဖြစ်သော ဒီမိုကရေစီ ရွေးကောက်ပွဲများနှင့် အုပ်ချုပ်မှုပုံစံများ ဖြစ်စေရန် အလုပ်လုပ်နေခြင်း ဖြစ်ပါသည်။ Carter Center အား

ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်းနှင့် အကူအညီပေးရေးတွင် ကျွမ်းကျင်မှုရှိစွာ လုပ်ဆောင်နိုင်ရန် အရေးပါသော ပံ့ပိုးထည့်ဝင်မှုများပြုခြင်းအတွက် အသိအမှတ် ပြုကြပါသည်။ ရွေးကောက်ပွဲ စောင့်ကြည့်ခြင်းနှင့် လူ့အခွင့်အရေးကြား အဆက်အစပ်ကို အားကောင်းအောင် လုပ်ဆောင်ပေးခြင်း၊ ရွေးကောက်ပွဲများနှင့် အစိုးရ၏ လုပ်ဆောင်မှုများသည် နိုင်ငံတကာဥပဒေများကို အခြေခံသည့် ဒီမိုကရေစီလိုက်နာကျင့်သုံးရမည့် အချက်များနှင့်ကိုက်ညီမှု ရှိ၊မရှိ စောင့်ကြည့်နိုင်ရန် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း၊ ကမ္ဘာတစ်ဝန်း ဒီမိုကရေစီအုပ်ချုပ်ရေး အားကောင်းစေရန် ကူညီခြင်းများ လုပ်ဆောင်နေပါသည်။ Carter Center သည် ၁၉၈၉ခုနှစ်မှ စ၍ နိုင်ငံပေါင်း ၃၈နိုင်ငံတွင် ရွေးကောက်ပွဲပေါင်း ၉၉ ခုကို စောင့်ကြည့်လေ့လာခဲ့ပါသည်။ Carter Center သည် ၎င်း၏ တာဝန်များကို နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်းဆိုင်ရာမူများ၊ ကြေငြာချက်များနှင့် ၎င်းနှင့် အတူတွဲနေသော ကျင့်ဝတ်များနှင့်အညီ လုပ်ဆောင်ပါသည်။

အစီရင်ခံစာ အပြည့်အစုံကို ဤနေရာတွင် ကြည့်ရှုနိုင်ပါသည်။:
http://www.cartercenter.org/resources/pdfs/news/peace_publications/election_reports/myanmar-033015-burmese.pdf

###

***"ငြိမ်းချမ်းရေး တိုက်ပွဲဝင်နေသော၊ ရောဂါများကို တိုက်ခိုက်နေသော၊ မျှော်လင့်ချက်ကို တည်ဆောက်နေသော" The Carter Center***

*Carter Center သည် အကျိုးအမြတ်မရှာသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်ပြီး နိုင်ငံပေါင်း ၈၀ကျော် မှ ပြည်သူများ၏ဘဝ တိုးတက်ရေးကို ကူညီလျက်ရှိရာ ပဋိပက္ခ ဖြေရှင်းပေးခြင်း၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် စီးပွားရေး အခွင့်အလမ်းများ တိုးတက်စေခြင်း၊ ရောဂါပိုးများ ကာကွယ်ပေးခြင်း၊ စိတ်ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်စေခြင်းများ လုပ်ဆောင်နေပါသည်။ Carter Centerကို ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းရေးနှင့် ကျန်းမာရေးတိုးတက်မှုရှိစေရန် ၁၉၈၂ခုနှစ် တွင် အမေရိကန် သမ္မတဟောင်း ဂျင်မီကာတာ နှင့် ဇနီးဖြစ်သူ ရိုစလင်းကာတာ တို့က Emory တက္ကသိုလ်နှင့် မိတ်ဖက်ပြု၍ တည်ထောင်ခဲ့ပါသည်။*

THE
CARTER CENTER

## Carter Center မြန်မာနိုင်ငံမစ်ရှင်၏ ပဏာမတွေ့ရှိချက်များ

## ၂၀၁၄ခုနှစ် ဒီဇင်ဘာလ - ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ

## နိဒါန်းနှင့် အကျဉ်းကောက်နုတ်ချက်

မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်း၌ ကျင်းပရန်စီစဉ်ထားသော အထွေထွေရွေးကောက်ပွဲများသည် ၂၀၁၁ ခုနှစ်မှ စတင်ခဲ့သော နိုင်ငံရေးပြုပြင်ပြောင်းလဲခြင်းလုပ်ငန်းစဉ် ရှေ့သို့လှမ်းမည့် အဓိကခြေလှမ်းဟု မှတ်ယူနိုင်ပါသည်။ အစိုးရအပေါ် မယုံကြည်မှု မြင့်မားသည့်တိုင်အောင် သာမာန်ပြည်သူလူထုသည် ရွေးကောက်ပွဲများအပေါ် အလုံးစုံ အကောင်းမြင်ထားပုံရကာ၊ မဲပေးရန် အားပါးတရ ရည်ရွယ်ထားကြသည်။[1] ၂၀၁၀ ရွေးကောက်ပွဲ၊ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတို့နှင့် မတူထူးခြားသည်မှာ ရွေးကောက်ပွဲလုပ်ငန်းစဉ် တစ်ခုလုံးအား စောင့်ကြည့်အကဲခတ်မည့် နိုင်ငံတကာနှင့် ပြည်တွင်း စောင့်ကြည့်လေ့လာရေးအဖွဲ့များကို ဖိတ်ကြားရန် အစိုးရက လူသိရှင်ကြား ကတိကဝတ်ပြုခဲ့ခြင်းဖြစ်သည်။ Carter Center သည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ဖိတ်ခေါ်မှုဖြင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအား ပိုမိုကျယ်ပြန့်စွာလုပ်ဆောင်ရန်အတွက် ရွေးကောက်ပွဲအကြိုကာလ အနေအထားအကဲဖြတ်မှုများ၊ ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်နေပါသည်။ ယခုအစီရင်ခံစာသည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ ပြည်နယ်နှင့်တိုင်းများသို့ ဖြန့်ကျက်လေ့လာထားသော Carter Center ၏ ပထမဆုံးသော အစီရင်ခံစာဖြစ်သည်။

ဤပဏာမအကဲဖြတ်မှုတွင် Carter Center အနေဖြင့်တွေ့ရှိသည်မှာ ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို ပိုမိုပွင့်လင်းမြင်သာရန်နှင့် လိုသလို ထိန်းချုပ်ကိုင်တွယ်မှုများ လျော့နည်းစေရန် ကြိုးပမ်းအားထုတ်မှုများ လုပ်ဆောင်နေခြင်း ဖြစ်ပါသည်။ သို့သော် ရွေးကောက်ပွဲများသည် မဲဆန္ဒရှင်များ၊ နိုင်ငံရေးပါတီများနှင့် လူထုအခြေပြု အဖွဲ့အစည်းများ၏ ယုံကြည်မှုရဖို့ဆိုလျှင် အဓိကကျသော စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်နေပါ သေးသည်။ အဓိက တွေ့ရှိချက်များမှာ-

- *ရွေးကောက်ပွဲဆိုင်ရာ မူဘောင်*။ ။ဒီမိုကရေစီရွေးကောက်ပွဲများ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဖြစ်ရေးအတွက် အခြေခံဥပဒေဆိုင်ရာဖော်ပြချက်တွင် သိသာသည့် အားနည်းချက်များ ရှိသော်လည်း၊ ဥပဒေဆိုင်ရာမူဘောင်သည် (ကြိုတင်မဲပေးစနစ်ကဲ့သို့သော) အဓိကဟာကွက်များကို ဖြေရှင်းနိုင်မည့် နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ ရှိသောကြောင့် ယုံကြည်ရသော ရွေးကောက်ပွဲများ ကျင်းပနိုင်ရန် ထိန်းကျောင်းနိုင်မည့် အလားအလာရှိပါသည်။

[1] မြန်မာနိုင်ငံ ၂၀၁၄ - ပြောင်းလဲနေသော လူ့ဘောင်တစ်ခုမှ နိုင်ငံသား အသိအမြင်နှင့် တန်ဖိုးများ၊ အာရှဖောင်ဒေးရှင်း (၂၀၁၄)

- *နိုင်ငံရေးအရ လုပ်ကိုင်နိုင်ခွင့် နယ်ပယ်*။ ။နိုင်ငံရေးအရ လုပ်ကိုင်နိုင်ခွင့်နယ်ပယ် ပွင့်လမ်းမှုသည် တိုင်းဒေသကြီးများနှင့် ပြည်နယ်များကြားတွင် ကွဲပြားနေသော်လည်း နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူ့အဖွဲ့ အစည်းများနှင့် မီဒီယာတို့က ၂၀၁၀ ခုနှစ် (သို့) ၂၀၁၂ ခုနှစ်ထက် ပိုမိုလွတ်လပ်သည့် ပတ်ဝန်းကျင်ဟု ယေဘုယျအားဖြင့် ဖော်ပြကြသည်။ ပြောင်ပြောင်တင်းတင်း နှောင့်ယှက်မှု၊ ခြိမ်းခြောက်မှုများနှင့် ပတ်သက်၍ ဖော်ပြမှု အနည်းငယ်ရှိသော်လည်း၊ အတော်များများသည် မြေသိမ်းယူမှုနှင့် အကျင့်ပျက်ချစားမှုကဲ့သို့သော ထိလွယ်ရှလွယ် ကိစ္စရပ်များကိုဖော်ပြပါက အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အုပ်စု များမှ ဆိုးရွားစွာတုန့် ပြန်နိုင်သည်ဟု ထင်မှတ်စိုးရွံ့ ကြသည်။
- *ဆန္ဒမဲပေးခွင့်နှင့် နိုင်ငံရေးအရ ပါဝင်နိုင်ခွင့်*။ ။ စီစဉ်ချမှတ်ထားသော ယာယီသက်သေခံလက်မှတ် (TRC) သက်တမ်းကုန်ဆုံးမှုသည် ယာယီသသက်သေခံလက်မှတ် ကိုင်ဆောင်သူများအား အထောက်အထား စာရွက်စာတမ်းအသစ် ပြန်ရနိုင်ရန် အစိုးရမှ မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးခြင်း မပြုပါက ၎င်းတို့၏ ဆန္ဒမဲပေးပိုင်ခွင့် ရုတ်သိမ်းခံရနိုင်ပါသည်။ သို့ပါက ထိခိုက်နစ်နာမည့်သူ အများစုမှာ တိုင်းရင်းသားလူမျိုးစုများ၊ ဘာသာခြားလူနည်းစုများမှ ဖြစ်ကြပြီး အများစုမှာ ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာ များဖြစ်သည်။ ယင်းမှာ စိုးရိမ်စရာ ကိစ္စတစ်ရပ်ဖြစ်ပါသည်။
- *လူမျိုးရေး တင်းမာမှုများ*။ ။ မိမိတို့ သွားရောက်ခဲ့သော တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် လူမျိုးရေး တင်းမာမှုများသည် စိုးရိမ်စရာအဖြစ် ထင်ဟပ်ပြသခြင်း မရှိသော်လည်း မွတ်ဆလင် ဆန့်ကျင်ရေး ဝါဒဖြန့်လှုံ့ဆော်မှုကို တွေ့ရလေ့ရှိပြီး ၊ ဘာသာခြားလူနည်းစု အသိုင်းအဝိုင်း ခေါင်းဆောင်များက ရွေးကောက်ပွဲလုပ်ငန်းစဉ်ကြောင့် ပဋိပက္ခ ဖြစ်လာနိုင်သည် ဟူသော စိုးရိမ်မှုများ ရှိကြသည်။ ဘာသာပေါင်းစုံ တွေ့ဆုံဆွေးနွေးရေးနှင့် ပဋိပက္ခပြေလည်ရေးအတွက် ပိုမိုလှုပ်ရှားကြိုးပမ်းမှုများ လိုအပ်ပါသည်။
- *ရွေးကောက်ပွဲဆိုင်ရာမှန်ကန်ပြည့်စုံမှု မြင့်မားစေခြင်း* ။ ကြိုတင်မဲပေးမှုတွင် ပွင့်လင်းမြင်သာမှု မရှိခြင်း (အထူးသဖြင့် တပ်မတော်၏ ကြိုတင်မဲပေးမှု) နှင့် အိုးမဲ့အိမ်မဲ့ ဖြစ်ရသူများနှင့် ရွှေ့ပြောင်းဒုက္ခသည်များ၏ မဲပေးခြင်းတို့သည် ၂၀၁၀ တွင် ပြဿနာများအဖြစ် လေ့လာတွေ့ရှိရပြီး၊ ဆက်လက်၍လည်း အာရုံစိုက် သတိပြုရန် လိုအပ်ပါသည်။ ယုံကြည်ရသော ရွေးကောက်ပွဲများဖြစ်ဖို့ဆိုလျှင် ဆိုခဲ့ပါ လုပ်ငန်းစဉ်များကို အပြည့်အဝ လေ့လာကြည့်ရှုနိုင်ရန် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၏ ခွင့်ပြုချက် ကတိကဝတ်ပြုမှုသည် လွန်စွာအရေးကြီးပါသည်။
- *ရွေးကောက်ပွဲ စီမံခန့်ခွဲမှု*။ ။ အလွှာအားလုံးရှိ ရွေးကောက်ပွဲ ကော်မရှင်အသီးသီး၌ အဖွဲ့ဝင်များ ခန့်အပ်ရာတွင် စီမံခန့်ခွဲသည့် စည်းမျဉ်းများကို ပိုမိုကောင်းမွန်လာရန် ဆောင်ရွက်နိုင်ပါသည်။ သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအပေါ် ရွေးကောက်ပွဲကော်မရှင်ခွဲများ မှီခိုနေရမှုသည် ၎င်းတို့၏ သမာသမတ်ကျမှုကို အားနည်းစေသည်ဟု အများ၏ထင်မြင်ယူဆမှုများလည်း ရှိနေပါသည်။ တချိန်တည်းတွင် မိမိတို့ သွားရောက်ခဲ့သော ဒေသ ကော်မရှင်အဖွဲ့ခွဲများသည် စောင့်ကြည့်လေ့လာမှုအပေါ် ပွင့်ပွင့်လင်းလင်းရှိပြီး၊ ၎င်းတို့၏ လုပ်ငန်းဆောင်တာများအား ပဏော်ဖက်ရှင်နယ် ပီပီသသ၊ ပွင့်လင်းမြင်သာသည့်နည်းဖြင့် လုပ်ဆောင်မည်ဟူသည့် ကတိကဝတ်မျိုး ဖော်ပြကြပါသည်။
- *တိုင်းရင်းသား လက်နက်ကိုင်အုပ်စု ထိန်းချုပ်နယ်မြေများမှ ရွေးကောက်ပွဲများ*။ ။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် ရွေးကောက်ပွဲ၏ သက်ရောက်မှုအပေါ် စိုးရိမ်စရာများ ရှိနေသည့်တိုင် ရွေးကောက်ပွဲများ ကျင်းပဖြစ်မည်ဟု တိုင်းရင်းသားပါတီများက အကောင်းမြင်ကြသည်။

ရှမ်းနှင့်ကရင်ပြည်နယ်ရှိ နယ်စပ်မြို့နယ်များမှလွဲ၍ မိမိတို့သွားရောက်ခဲ့သော နယ်မြေများရှိ လက်နက်ကိုင်အုပ်စုများက ၎င်းတို့ထိန်းချုပ်နယ်မြေတွင် ပြုလုပ်မည့် ရွေးကောက်ပွဲများကို ဟန့်တားနောက်ယှက်မည် မဟုတ်ဟု ရည်ညွှန်းပြောဆိုကြသည်။အချို့နယ်မြေများတွင်မူ နိုင်ငံရေးအရ ပါဝင်လုပ်ကိုင်နိုင်ခွင့် နယ်ပယ် နိုင်ငံရေးလုပ်ခွင်သည် အကန့်အသတ်ရှိပုံရသည်။

- *နိုင်ငံတကာနှင့် ပြည်တွင်းစောင့်ကြည့်လေ့လာမှု*။ ။ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို အကဲခတ် လေ့လာရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့များကို ဖိတ်ကြားရန် ကတိကဝတ်ပြုထားပြီးဖြစ်သကဲ့သို့ ၊ စောင့်ကြည့်လေ့လာသူ လိုက်နာရမည့်ကျင့်ဝတ်နှင့် တရားဝင်အသိအမှတ်ပြုလွှာ ထုတ်ပေးရေးလုပ်ငန်းစဉ်တို့ ပြင်ဆင်ရာတွင်လည်း ပြည်တွင်းလေ့လာ စောင့်ကြည့်ရေးအုပ်စုများနှင့် တက်ကြွစွာဆောင်ရွက်ခဲ့ပါသည်။ Cater Center ကွင်းဆင်း ဝန်ထမ်းများသည် တားမြစ်ချက်အနည်းငယ်ရှိသည်မှအပ ကျယ်ကျယ်ပြန့်ပြန့်အကဲခတ် လေ့လာရန် ခွင့်ပြုချက် ရခဲ့သည်။

အကယ်၍ ရွေးကောက်ပွဲများအား ပွင့်လင်းမြင်သာပြီး အားလုံးပါဝင်နိုင်သည့် ပုံစံဖြင့် ကျင်းပနိုင်ခဲ့မည်ဆိုလျှင် ယင်းသည် အစိုးရ၏ ဒီမိုကရေစီနည်းကျ ပြုပြင်ပြောင်းလဲရေး အပေါ်ထားရှိသော ကတိကဝတ်များအား မြင်သာထင်သာရှိစေမည့်အပြင် လူထုယုံကြည်မှု တိုးတက်လာစေမည့် အခွင့်အလမ်းလည်း ဖြစ်ပေလိမ့်မည်။ ယခုဦးတည်ချက်အတိုင်း ဆောင်ရွက်ခဲ့ပြီးဖြစ်သော လုပ်ဆောင်ချက်ကောင်းများကို ဆက်လက်ကောင်းမွန် စေရန်အလို့ငှာ Carter Center မှ အောက်ပါတို့ကို အကြံပြုအပ်ပါသည်။

*ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်*

- ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် သက်ဆိုင်ပါဂင်နေသူ (stakeholder) များအကြား ယုံကြည်မှုတည်ဆောက်ရန် ပိုမိုရှင်းလင်းပြတ်သားမှုနှင့် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျန်ရှိနေသော နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များကို အပြီးသတ်ခြင်း၊ အချိန်ကိုက် ထုတ်ပြန်ပေးခြင်းအားဖြင့် ယင်းကိစ္စကို ကိုင်တွယ်နိုင်ပါသည်။ ယင်းအပြင် နိုင်ငံအများစုတွင် စံလုပ်ထုံးလုပ်နည်းတစ်ခုဖြစ်သော ရွေးကောက်ပွဲ အချိန်ဇယားပြက္ခဒိန်တစ်ခု ထုတ်ပေခြင်းကဲ့သို့ ဆောင်ရွက်ချက်များ လုပ်ဆောင်ခြင်းကိုလည်း ကော်မရှင်အနေဖြင့် စဉ်းစားနိုင်ပါသည်။
- တပ်မတော်နှင့် ရဲစခန်းများနှင့်ပတ်သက်သည့် ကြိုတင်မဲပေးမှု အပါအဝင် ကြိုတင်မဲပေးခြင်းမှန်သမျှနှင့် အိုးအိမ်မဲ့ဒုက္ခသည်များ မဲပေးခြင်းနှင့်ဆိုင်သော စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကို စောင့်ကြည့်လေ့လာသူများနှင့် ပါတီကိုယ်စားလှယ်များအား အပြည့်အဝလေ့လာကြည့်ရှုခွင့် ပေးသင့်ပါသည်။
- ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ဘက်လိုက်မှု ကင်းရှင်းစေရေးနှင့် လူတစ်ဦးတိုင်း မဲပေးပိုင်ခွင့် ရှိစေရေး အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်စာရင်းအသစ် ပြုစုရာတွင် အားလုံးပါဝင်နိုင်ခွင့်ကို အမြင့်ဆုံးပေးသင့်ပါသည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မကြာမီကထုတ်ပြန်ခဲ့သော (အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ ပါဝင်မှုဖြင့် ရေးဆွဲခဲ့သည့်) စောင့်ကြည့်လေ့လာသူများအတွက် လိုက်နာရန်ကျင့်ဝတ်များသည် အရေးကြီးသော ပွင့်လင်းမြင်သာမှု ဆောင်ရွက်ချက်များဖြစ်သည်။ အလားတူ စောင့်ကြည့်လေ့လာ

သူများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တရားဝင်ခွင့်ပြုချက်ဖြင့် လုပ်ငန်းများ စတင်နိုင်ရန်အတွက် အသိအမှတ်ပြုခြင်း လုပ်ထုံးလုပ်နည်းများလည်း စောလျှင်စွာ ထွက်လာရန် လိုပါသည်။

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကော်မရှင်အဖွဲ့ခွဲများတွင် အမျိုးသမီးများနှင့် တိုင်းရင်းသား လူမျိုးစုဝင်များကို အဖွဲ့ဝင်အဖြစ်တိုးမြှင့်ခန့်အပ်ရန် စဉ်းစားသင့်ပါသည်။ ၎င်းသည် မြန်မာနိုင်ငံ၏ ကွဲပြားစုံလင်မှုကို ကောင်းစွာထင်ဟပ်မည်ဖြစ်ပြီး၊ ကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းအပေါ် လူထု၏ ယုံကြည်မှု တိုးတက်လာစေမည် ဖြစ်ပါသည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဒေသတွင်းရှိ ကော်မရှင်အဖွဲ့ခွဲများနှင့် နိုင်ငံရေးပါတီ များ၊ အရပ်ဘက်အဖွဲ့ စည်းများ ပိုမိုထိတွေ့ဆောင်ရွက်မှုရှိစေရန် တွန်းအားပေးရန် လိုအပ်ပါသည်။ ယင်းသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်အကြောင်း အများပြည်သူ သိရှိနားလည် ဗဟုသုတတိုးပွားအောင် တည်ဆောက်ပေးပြီး ကော်မရှင်အဖွဲ့ခွဲများ၏ အလုပ်ကို ယုံကြည်မှု တိုးပွားစေပါသည်။

*မြန်မာအစိုးရ*

- လွတ်လပ်စွာသင်းပင်းဖွဲ့စည်းခွင့်၊ စုဝေးခွင့်၊ ပြောဆိုခွင့်တို့သည် ဒီမိုကရေစီ ရွေးကောက်ပွဲလုပ်ငန်းစဉ် တွင် အသက်တမျှ အရေးပါပြီး အလွှာအားလုံးမှ အာဏာပိုင်များက အပြည့်အဝ ခွင့်ပြုပေးသင့်သည်။ လူထုစည်းဝေးပွဲများ ကျင်းပရာတွင် လိုအပ်သော စည်းကမ်းများကို ရိုးရှင်းအောင် ပြုလုပ်ပေးခြင်းသည် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ အားလုံးအတွက် မဲဆန္ဒရှင်များထံ သဘောထားအမြင်များ ဆက်သွယ်ဖြန့်ဖြူးပေးရန် လုံလောက်၊ မျှတသော အခွင့်အလမ်း ရရှိနိုင်စွမ်းကို မြှင့်တင်ပေးမည် ဖြစ်ပါသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် သတင်းထောက်များအား နှောင့်ယှက်ခြင်း၊ တားမြစ်ခြင်း၊ ဆိုးရွားစွာတုန့်ပြန်ခြင်း များကို စိုးရိမ်စရာ မလိုဘဲ လုပ်ကိုင်နိုင်သည့် စွမ်းရည် တိုးတက်လာမည့် ဆောင်ရွက်ချက်များကိုလည်း ဖော်ဆောင်ပေးသင့်ပါသည်။
- မဲပေးရမည်ဆိုသည့် အခြေခံရပိုင်ခွင့်ကို လေးစားလိုက်နာရန်အလို့ငှာ မဲဆန္ဒရှင်စာရင်းတွင် လက်ရှိ ပါဝင်နေသော ယာယီမှတ်ပုံတင်ကဒ် ကိုင်ဆောင်ထားသူများအား မကြာမီကထုတ်ပြန်ခဲ့သည့် ကဒ်ပြားသက်တမ်းကုန်ဆုံးကြောင်း ဆုံးဖြတ်ချက်ကြောင့် မဲပေးခွင့်မမဲ့စေသင့်ပါ။ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ဆောင် ချက်ကြောင့် မဲပေးပိုင်ခွင့်များ ဆုံးရှုံးခြင်းသည် အလေးအနက်ထားရမည့် ကိစ္စရပ်ဖြစ်ပြီး မျှတသော၊ ပွင့်လင်းမြင်သာမှုရှိသော၊ ခွဲခြားဆက်ဆံမှုကင်းသော ပြန်လည်သုံးသပ်မှု လုပ်ငန်းစဉ်ထားရှိ သုံးသပ်သင့်ပါသည်။
- နိုင်ငံတကာနှင့်ပြည်တွင်း လေ့လာစောင့်ကြည့်သူများ၏ လွတ်လပ်စွာသွားလာခွင့်ကို အာမခံချက် ပေးသင့်ပြီး၊ ၎င်းတို့၏လှုပ်ရှားမှုများကို အတားအဆီးဖြစ်စေမည့် လုံခြုံရေးတာဝန်ရှိသူများ ဝင်ရောက်စွက်ဖက်နိုင်ခွင့် မပြုသင့်ပါ။

*သက်ဆိုင်ပါဝင်နေသူ (stakeholder) များ*

- တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများအနေဖြင့် နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ လေ့လာစောင့်ကြည့်သူများ၊ သတင်းထောက်များနှင့် ရွေးကောက်ပွဲကော်မရှင်ခွဲများ၏ အလုပ်ကို ဟန့်တားခြင်းမရှိကြောင်း လူသိရှင်ကြား ကတိကဝတ်ပြုသင့်ပါသည်။
- နိုင်ငံရေးသမားများအနေဖြင့်လည်း အမုန်းစကားများ၊ ရည်ရွယ်လှုံ့ဆော်မှုများ၊ ခွဲခြားမှုများကို ရှောင်ရှားသင့်ပါသည်။ ဤနေရာတွင် နိုင်ငံရေးပါတီများ၏ ပါတီများလိုက်နာရန်ကျင့်ဝတ် မူကြမ်းရေးဆွဲရန် ကြိုးပမ်းအားထုတ်မှုများသည် ကြိုဆိုရမည့် တိုးတက်မှုတစ်ခု ဖြစ်သည်။ အစိုးရအနေဖြင့် တင်းမာမှုမြင့်မားနေသော နယ်မြေများရှိ လူနည်းစု အသိုင်းအဝိုင်းများကို အကာအကွယ်ပေးရန် ဆောင်ရွက်ချက်များ ပြုလုပ်သင့်ပါသည်။ ဘာသာအမျိုးမျိုးအကြား တွေ့ဆုံဆွေးနွေးရန် ကြိုးပမ်းမှုများကိုလည်း တက်တက်ကြွကြွ ထောက်ခံအားပေးသင့်ပါသည်။

ဤအစီရင်ခံစာသည် Carter Center မြန်မာလေ့လာရေးအဖွဲ့၏ ကနဦးလေ့လာတွေ့ရှိချက်များကို အကျဉ်းချုပ် တင်ပြထားခြင်းဖြစ်သည်။ ၂၀၁၄-ခုနှစ် ဒီဇင်ဘာမှ ၂၀၁၅-ခုနှစ် ဖေဖော်ဝါရီလ အတွင်း ကယား၊ ကရင်၊ မွန်၊ ရှမ်း ပြည်နယ်များ၊ ဧရာဝတီနှင့် မန္တလေးတိုင်းဒေသကြီးများ၌ ပြုလုပ်ခဲ့သော ကွင်းဆင်းခရီးနှင့် တွေ့ဆုံမေးမြန်းမှု များအပေါ် အခြေခံတင်ပြထားခြင်းဖြစ်ပါသည်။ ထိုခရီးစဉ်များအတွင်း Carter Center အဖွဲ့သည် ရွေးကောက်ပွဲမူဘောင်၊ ရွေးကောက်ပွဲ ကြိုတင်ပြင်ဆင်မှုအခြေအနေ၊ နိုင်ငံရေးနယ်ပယ်လှုပ်ရှားခွင့် အတိုင်းအတာတို့ကို အကဲဖြတ်ရန်အတွက် သက်ဆိုင်ရာ ကိုယ်စားပြုသူ အမြောက်အမြားနှင့် ကျယ်ကျယ်ပြန့်ပြန့် တွေ့ဆုံခဲ့သည်။ Carter Center သည် ၎င်း၏ ခွဲခြမ်းစိတ်ဖြာလေ့လာမှုကို ထားရှိပြီးသား နိုင်ငံတကာ ဝတ္တရားများနှင့် စံနှုန်းများအပေါ်တွင် အခြေခံထားသည်။[2]

Carter Center သည် ဒီမိုကရေစီရွေးကောက်ပွဲနှင့် အုပ်ချုပ်မှုကို နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်း များနှင့် တသားတည်း ကိုက်ညီ တိုးတက်လာအောင် လုပ်ဆောင်လျက်ရှိသည်။ Carter Center သည် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်း၊ အကူအညီပေးခြင်း နယ်ပယ်တွင် တတ်သိကျွမ်းကျင်စွာလုပ်ငန်းဆောင်ရွက်နိုင်ရေး အတွက် အရေးပါသည့် ပံ့ပိုးလုပ်ဆောင်မှုများကြောင့် အသိအမှတ်ပြုခြင်းခံရသည်။ ယင်းတွင် ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်မှုနှင့် လူ့အခွင့်အရေးအကြား ချိတ်ဆက်မှု ခိုင်မာအားကောင်းစေခြင်း၊ နိုင်ငံတကာဥပဒေပါ ဒီမိုကရေစီဝတ္တရားများနှင့် အညီ ရွေးကောက်ပွဲနှင့် အစိုးရ၏ စွမ်းဆောင်မှုတို့ကို လေ့လာစောင့်ကြည့်ရန် အရပ်ဖက်လူ့အဖွဲ့အစည်းများ၏ စွမ်းရည်ကို တည်ဆောက်ပေးခြင်း၊ ကမ္ဘာတစ်ဝန်း ဒီမိုကရေစီနည်းကျ အုပ်ချုပ်မှုခိုင်မာအားကောင်းလာရန် ကူညီခြင်းတို့ပါဝင်သည်။ Carter Center သည် ၁၉၈၉ ခုနှစ်မှစ၍ နိုင်ငံပေါင်း ၃၈ နိုင်ငံမှ ရွေးကောက်ပွဲ ၉၉ ကို လေ့လာစောင့်ကြည့်မှု ပြုလုပ်ခဲ့သည်။ Carter Center ၏ လေ့လာစောင့်ကြည့်ရေး မစ်ရှင်များကို နိုင်ငံတကာ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ခြင်းဆိုင်ရာ စည်းမျဉ်းများ ကြေငြာစာတမ်း (Declaration of Principles for International Election Observation) နှင့် နောက်ဆက်တွဲ ကျင့်ဝတ်ဥပဒေများနှင့်အညီ လုပ်ဆောင်ခဲ့သည်။

---

[2] *ရွေးကောက်ပွဲ ဝတ္တရားများနှင့် စံနှုန်းများ - Carter Center ဆန်းစစ်ချက် လက်စွဲစာအုပ်၊* The Carter Center (၂၀၁၄).

## နောက်ခံအကြောင်းအရာ

သမ္မတကာတာ၏ ၂၀၁၃ ဧပြီနှင့် စက်တင်ဘာ ခရီးစဉ်များအပြီးတွင် မြန်မာအစိုးရက Carter Center အား ၂၀၁၅ အထွေထွေရွေးကောက်ပွဲမတိုင်မီ ရွေးကောက်ပွဲလေ့လာရေးမစ်ရှင် တဖြည်းဖြည်းဖြန့်ကျက်ရန် လိုအပ်သည့် အကြိုပြင်ဆင်မှုများအတွက် ဖိတ်ကြားခဲ့သည်။ လေ့လာစောင့်ကြည့်သူ များအတွက် တရားဝင်အသိအမှတ် ပြုလုပ်ငန်းစဉ်ထွက်ပေါ်လာရန် စောင့်ဆိုင်းနေသည့် ကာလအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က Carter Center အား ဒေသအဆင့်ဆင့်တွင် ရွေးကောက်ပွဲမှုဘောင်နှင့် နိုင်ငံရေးလုပ်ခွင်အတိုင်းအဆနှင့် လူပ်ရှားတက်ကြွမှုကို စောင်းပေးသော ရွေးကောက်ပွဲပတ်ဝန်းကျင်အခြေအနေ ကနဦးလေ့လာမှုကို ပြုလုပ်နိုင် ရန် ဖိတ်ကြားခဲ့သည်။

Carter Center သည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာမှစ၍ ကယား၊ ကရင်၊ မွန်၊ ရှမ်းပြည်နယ်များနှင့် ဧရာဝတီ၊ မန္တလေးတိုင်းဒေသကြီးများသို့ သွားရောက်ကာ ဝန်ကြီးချုပ်များ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းခေါင်းဆောင်များ၊ ဘာသာရေးအသိုင်းအဝိုင်းများမှ ကိုယ်စားလှယ်များ၊ အခြားသက်ဆိုင်ပါဝင်နေသူ (stakeholder) များနှင့် တွေ့ဆုံခဲ့သည်။ ကန့်သတ်တားမြစ်ချက် အနည်းငယ်ရှိသည်မှအပ Carter Center သည် လွတ်လပ်စွာသွားလာခွင့် ရရှိခဲ့သည်။Carter Center သည် တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့တော်များတွင် အစည်းအဝေးများ ပြုလုပ်ခဲ့သည့်အပြင် ဒီမောဆိုး၊ လွိုင်ကော်နှင့် ရှားတော(ကယား)၊ ဖားအံ၊ ဖာပွန်၊ ကော့ကရိတ်နှင့် မြဝတီ (ကရင်)၊ မော်လမြိုင်နှင့် ရေး (မွန်)၊ ဟိုပုန်း၊ ဆီဆိုင်၊ ကျိုင်းတုံ၊ မိုင်းနောက်၊ မိုင်းဖြတ်၊ ပင်းတယနှင့် တောင်ကြီး (ရှမ်း)၊ ဟသ်ာတ၊ လေးမျက်နှာ၊ ပုတော၊ ပုသိမ်နှင့် ဇလွန် (ဧရာဝတီ)၊ ကျောက်ဆည်နှင့် ပြင်ဦးလွင် (မန္တလေး)စသော မြို့နယ်များသို့လည်း သွားရောက်ခဲ့သည်။

Carter Center သည် လာမည့်လများတွင် ချင်း၊ ကချင်၊ ရခိုင်၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ပဲခူး၊ မကွေး၊ စစ်ကိုင်း၊ တနင်္သာရီ၊ ရန်ကုန် အပါအဝင် ကျန်ရှိသော ပြည်နယ်နှင့်တိုင်းဒေသကြီးများအထိ ချဲ့ထွင်လေ့လာမှု ပြုလုပ်နိုင်ရန် စီစဉ်လျက်ရှိသည်။ ဤအစီရင်ခံစာပါ တွေ့ရှိချက်များမှာ ယနေ့အထိ စေ့ ငုလေ့လာခဲ့သော ကာလနှင့် ပထဝီအနေအထားအရ ပဏာမတွေ့ ရှိချက်များသာ ဖြစ်ပါသည်။

## တွေ့ရှိချက်များ

၂၀၁၅ နိဝင်ဘာတွင် ကျင်းပရန် မျှော်မှန်းထားသော အထွေထွေရွေးကောက်ပွဲများတွင် ပြည်ထောင်စုအဆင့် လွှတ်တော်နှစ်ရပ်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် လွှတ်တော် ၁၄ ခုတို့ ကို မဲဆန္ဒရှင်များက ရွေးချယ် တင်မြှောက်ကြမည်ဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်သည် လက်ရှိအစည်းအဝေးတွင် အခြေခံဥပဒေ ပြင်ဆင်ချက်များကို ထည့်သွင်းစဉ်းစားရန် စီစဉ်ထားပြီးဖြစ်သည်။ အကယ်၍ ပြင်ဆင်ချက်များကို အတည်ပြုလိုက်ပါက ၂၀၁၅ ခုနှစ် မေလတွင် ပြည်သူ့ဆန္ဒခံယူပွဲ ပြုလုပ်နိုင်ပေမည်။ ယင်းကဲ့သို့ အချိန်တိုကာလ အတွင်း ဆန္ဒခံယူပွဲကျင်းပပါက လုပ်သာကိုင်သာရှိမှု နှင့် အထွေထွေရွေးကောက်ပွဲအကြို ပြင်ဆင်မှုများအပေါ် သက်ရောက်လာနိုင်သည့် အကျိုးဆက်များကို သက်ဆိုင်ပါဝင်သူ (stakeholder) များစွာက မေးခွန်းထုတ်လျက် ရှိပါသည်။

ဥပဒေဆိုင်ရာမူဘောင်နှင့် ရွေးကောက်ပွဲစနစ်[3]

ရွေးကောက်ပွဲများကို အခြေခံအားဖြင့်၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲဥပဒေ ၃ ခု၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဆိုင်ရာ ဥပဒေနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေတို့ဖြင့် ထိန်းကျောင်းသည်။[4] ၎င်းတို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သော နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ အကြောင်းကြားစာများ၊ လုပ်ဆောင်ချက်လမ်းညွှန်များဖြင့် နောက်ဆက်တွဲ ဖြည့်စွက်သည်။ ရွေးကောက်ပွဲစနစ်၊ မဲဆန္ဒရှင်များနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကိုက်ညီရန်လိုအပ်သည့် စံနှုန်းများ၊ ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းများအတွက် ဖွဲ့စည်းပုံ၊ အဖွဲ့ဝင် အမည်တင်သွင်းမှု လုပ်ငန်းစဉ်များ အပါအဝင် ရွေးကောက်ပွဲများ၏ အခြေခံသွင်ပြင်များစွာကို အခြေခံဥပဒေက ကြပ်မတ်ထားသည်။ ဥပဒေဆိုင်ရာ မူဘောင်တွင် ဟာကွက်များရှိနေပြီး အချို့အကြောင်းအရာများတွင် ရှင်းလင်းပြတ်သားမှု မရှိသော်လည်း ယခင်မထိမတို့ဖူးသော ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းမည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ အစွယ်အပွား နီးနွယ်သော ဥပဒေများ နှင့်၊ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို ရည်ရွယ်ချက် ကောင်းကောင်းဖြင့် အကောင်အထည်မှု စသည်တို့ ကြောင့် ယုံကြည်ရသောရွေးကောက်ပွဲများ ကျင်းပပေးနိုင်မည့် အလားအလာရှိသည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာ လူ့အခွင့်အရေးကတိကဝတ်စာချုပ် အနည်းငယ်မျှကိုသာ သဘောတူ လက်ခံထားသည်။ အထူးသဖြင့် နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ ပဋိညာဉ်စာချုပ် (International Covenant on Civil and Political Rights ICCPR) အား သဘောတူလက်ခံထားသော အဖွဲ့ဝင်နိုင်ငံ မဟုတ်သေးပေ။ သို့တိုင်အောင် ရွေးကောက်ပွဲများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ကျင်းပမည်ဟု ဖော်ပြသည့် နိုင်ငံအာဏာပိုင်များ၏ ရည်သန်ချက်အရ လည်းကောင်း၊ ICCPR တွင် သတ်မှတ်ထားသော အခြေခံလူ့အခွင့်အရေးများသည် နိုင်ငံတကာဥပဒေ ဓလေ့ထုံးတမ်း၏ အစိတ်အပိုင်းတစ်ခုဟု ယေဘုယျ စဉ်းစားမှုများအရ လည်းကောင်း၊ Carter Center ၏ ဥပဒေကြောင်းဆိုင်ရာ ရွေးကောက်ပွဲမူဘောင် အကဲဖြတ်မှုတွင် ICCPR (အထူးသဖြင့် အခန်း ၂၅) ကို ကိုးကားထားပါသည်။ ထို့အပြင် ဒီမိုကရေစီ ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ကျိုးကြောင်းညီညွတ်မှုရှိသော အခြားသော ဒီမိုကရေစီရွေးကောက်ပွဲ လမ်းညွှန်ချက်များ၊ စာတမ်းများ ကိုလည်း ကိုးကားထားသည်။

ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်၊တိုင်းဒေသကြီးလွှတ်တော်များကို မဲအများဆုံးရရှိသော ကိုယ်စားလှယ် လောင်းအား ရွေးချယ်သောစနစ် (first-past-the-post system) ဖြင့် ရွေးကောက်တင်မြှောက်သည်။ အောက်လွှတ်တော် (ပြည်သူ့လွှတ်တော်) နှင့် ပြည်နယ်၊တိုင်းဒေသကြီးလွှတ်တော်များ၏ မဲဆန္ဒနယ်များကို

---

[3] ဤသည်မှာ အကြို ခွဲခြမ်းစိတ်ဖြာ သုံးသပ်ထားမှုတစ်ခုသာဖြစ်ပြီး အပြီးသတ် သို့မဟုတ် အတည်ပြုထားသော ဥပဒေ သုံးသပ်ချက်တစ်ခုအဖြစ် မယူဆသင့်ပါ။

[4] ဤဥပဒေများကို ၂၀၁၀ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ *အမျိုးသား လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ*တို့သည် ပြည်ထောင်စု လွှတ်တော်၏ အထက်နှင့် အောက်လွှတ်တော်များနှင့် ပြည်နယ်/တိုင်း ဒေသကြီး လွှတ်တော်များ၏ ကိုယ်စားလှယ်များကို ရွေးကောက်ခြင်းများကို အသီးသီး စည်းကမ်းထိန်းကျောင်းပေးသည်။ ကိုယ်စားလှယ်လောင်းများ အရည်အချင်း ပြည့်မီရန်နှင့် မှတ်ပုံတင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များမှ လွဲ၍ ဤဥပဒေသုံးခုမှာ ထပ်တူညီကြသည်။

မြို့နယ်အုပ်ချုပ်ရေး နယ်နမိတ်များ အပေါ်တွင် အခြေခံထားသည်။[5] အထက်လွှတ်တော် (အမျိုးသားလွှတ်တော်) ကိုမူ ပြည်နယ်နှင့်တိုင်းဒေသကြီးတစ်ခုစီမှ ကိုယ်စားလှယ် ၁၂ ဦးစီ ကိုယ်စားပြု ရွေးချယ်သည်။[6] အထက်လွှတ်တော် (အမျိုးသားလွှတ်တော်) သည် ရွေးကောက်ပွဲစနစ်အား အချိုးကျကိုယ်စားပြု (Proportional Representation) စနစ်သို့ ပြောင်းလဲမည့် ဥပဒေကို မကြာသေးမီက အတည်ပြုခဲ့ပြီး ယခုအခါ အခြေခံဥပဒေခုံရုံးမှ သုံးသပ်မှု ပြုလုပ်နေသည်။ ရွေးကောက်ပွဲစနစ်ကို ပြင်ဆင်ခြင်းသည် နိုင်ငံတစ်ခုစီ၏ လွတ်လပ်စွာရွေးချယ်ခွင့် ဖြစ်သော်လည်း ရွေးကောက်ပွဲကျင်းပရန် တစ်နှစ်ပင် မကျန်တော့သည့်အချိန်တွင် အပြောင်းအလဲများ မပြုလုပ်သင့်ကြောင်းနှင့် အားလုံးပါဝင်သော လုပ်ငန်းစဉ်ဖြင့် သဘောတူအတည်ပြုသင့်ကြောင်းကို အကောင်းဆုံး နိုင်ငံတကာကျင့်စဉ်များအရ ညွှန်ပြထားသည်။[7] ထို့အပြင် ရွေးကောက်ပွဲရက်နှင့် နီးကပ်လွန်းစွာ ပြုလုပ်သော အဓိက အပြောင်းအလဲများသည် မဲဆန္ဒရှင်ပညာပေးလုပ်ငန်းနှင့် ရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းများကိုလည်း ရှုပ်ထွေးစေနိုင်သည်။

ဥပဒေဆိုင်ရာမူဘောင်သည် ရွေးကောက်ပွဲအား ဘက်ပေါင်းစုံမှ စည်းမျဉ်းသတ်မှတ်ခြင်း မပြုသော်လည်း အရေးကြီးသော ကိစ္စအတော်များများကို စည်းမျဉ်းသတ်မှတ်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား လုပ်ပိုင်ခွင့် ပေးထားသည်။ ယင်းစည်းမျဉ်းများတွင် ရွေးကောက်ပွဲ ကျင်းပမည့်အချိန်ကာလ၊ မဲဆန္ဒရှင်နှင့် ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်ခြင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် အဖွဲ့ဝင်များ ခန့်အပ်မှု၊ နိုင်ငံရေးပါတီ မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများ လေ့လာခွင့်၊ မဲပြားရိုက်နှိပ်ရာတွင် ပွင့်လင်းမြင်သာမှု၊ ကြိုတင်မဲပေးနိုင်သည့် အရည်ချင်းသတ်မှတ်ချက်နှင့် အချိန်ကာလ၊ အကျုံးဝင်သောမဲပြား စည်းမျဉ်းများ၊ မဲရလဒ်များ ပေါင်းစည်းခြင်းနှင့် ကြေညာခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ပစ္စည်းပစ္စယများ လုံခြုံအောင်ထိန်းသိမ်းခြင်း စသည် ပါဝင်ပါသည်။ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှု ဖြေရှင်းရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ လုပ်ပိုင်ခွင့်အောက်တွင် ပေးထားသော်လည်း ရွေးကောက်ပွဲ ဘက်ပေါင်းစုံမှ ဖြစ်ပေါ်လာနိုင်သည့် အငြင်းပွားမှုများ ဖြေရှင်းရေးအတွက် ရှင်းလင်းတိကျသည့် လုပ်ငန်းစဉ်များ ရွေးကောက်ပွဲဥပဒေများတွင် ချမှတ်ထားခြင်းမရှိပေ။[8] ၎င်းကိစ္စရပ်များသည် ရွေးကောက်ပွဲ မှန်ကန်ပြည့်စုံစေမှု၊ လူထုယုံကြည်မှု တိုးပွားစေမှု၊ ကိုယ်စားလှယ်လောင်းများနှင့် မဲဆန္ဒရှင်တို့၏

---

[5] အောက်လွှတ်တော် ရွေးကောက်ပွဲများအတွက် မြို့နယ်တစ်ခုချင်းသည် မဲဆန္ဒနယ် တစ်ခု ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များအတွက် မြို့နယ်တစ်ခုကို မဲဆန္ဒနယ်နှစ်ခုအဖြစ် ခွဲလိုက်ပြီး ကိုယ်စားလှယ် နှစ်ဦးစီ ရွေးကောက်ပေးသည်။ တိုင်းရင်းသား ကိုယ်စားလှယ်တစ်ဦးကိုလည်း ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်တိုင်းသို့ ရွေးကောက်ပေးရသည်မှာ သက်ဆိုင်ရာ တိုင်းရင်းသား လူထုသည် အမျိုးသားလူဦးရေ၏ ၀.၁%ရှိသည့် အခါတွင် ဖြစ်သည်။

[6] ပြည်နယ်များနှင့် တိုင်းဒေသကြီးများတစ်ခုစီတွင် ရှိသော မြို့နယ်အရေအတွက်သည် ၇မှ၅၅ အထိ ရှိနိုင်သောကြောင့် ပြည်ထောင်စု လွှတ်တော်၏ အထက်လွှတ်တော်အတွက် ရွေးကောက်ပွဲကျင်းပရမည့် မဲဆန္ဒနယ်များကို မြို့နယ်များ ပေါင်းစည်းခြင်း သို့မဟုတ် ခွဲခြားခြင်းဖြင့် ရေးဆွဲသည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၄၁(က)အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီသည် ပြည်ထောင်စုလွှတ်တော်၏ အထက်လွှတ်တော်အတွက် မဲဆန္ဒနယ် တစ်ခုစီနှင့် ကိုက်ညီသောကြောင့် ထိုနယ်မြေများကိုလည်း ကိုယ်စားပြုမှုကို အာမခံပေးသည်။

[7] ဗင်းနစ်ကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စများတွင် ကောင်းသော အလေ့အထ ကျင့်ဝတ်များ၊ စာမျက်နှာ II.2.b ကို ဖတ်ရှုရန်။

[8] ရွေးကောက်ပွဲ ဥပဒေများသည် မဲဆန္ဒရှင်စာရင်း မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် တိုင်ကြားချက်များ၊ ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်ခြင်းနှင့် ရွေးကောက်ပွဲ ရလာဒ်များနှင့် ပတ်သက်သည့် စီရင်ဆုံးဖြတ်ချက်များကို ကြပ်မတ်ထိန်းကျောင်းပေးသည်။ ရွေးကောက်ပွဲ ဥပဒေများသည် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် မသမာမှုများ စာရင်းကိုလည်း ပြုစုထားပြီး အရေးယူမှုများ ဆောင်ရွက်ပေးသည်။

အခွင့်အရေးများကို အကာအကွယ် ပေးနိုင်မှုတို့အတွက် အရေးကြီးသောကြောင့် ယင်းတို့အား ထိန်းကျောင်းမည့် အထွေထွေစည်းမျဉ်းများသည် အစွယ်အပွား နီးနွယ်သောဥပဒေများထက် ရွေးကောက်ပွဲဥပဒေများသာ ဖြစ်သင့်ပေသည်။

*အခြေခံဥပဒေဆိုင်ရာ ကန့်သတ်ချက်များ*။ ။ရွေးကောက်ပွဲနှင့်နိုင်ငံရေးလုပ်ငန်းစဉ်တို့၏ ဒီမိုကရေစီဝိသေသလက္ခဏာအပေါ်တွင် စနစ်တကျရိုက်ခတ်မှုရှိသည့် အခြေခံဥပဒေပါပြဋ္ဌာန်းချက်များ အတော်များများရှိသည်။ ထို့ပြင် အခြေခံဥပဒေတွင် စနစ်ကျကျ ရွေးကောက်ပွဲပြုပြင် ပြောင်းလဲမှုကို ခက်ခဲစေသည့် ကန့်သတ်ချက်များရှိသည်။ တင်းကျပ်သော ပြင်ဆင်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကြောင့် (အခြေခံဥပဒေဆိုင်ရာ အပြောင်းအလဲများသည် ပြည်ထောင်စုလွှတ်တော်တွင် လေးပုံသုံးပုံကျော်မှ ထောက်ခံရန် လိုအပ်ပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် မဲပေးခွင့်ရှိသူ ထက်ဝက်ကျော်၏ ထောက်ခံအတည်ပြုမှုကိုလည်း ထပ်မံလိုအပ်သည်) နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားသူများအတွက် ၂၀၁၅ ရွေးကောက်ပွဲမတိုင်မီ အခြေခံကျသော တည်ဆောက်ပုံ ပြောင်းလဲမှုများအတွက် သဘောတူညီမှုရရှိရန် ခက်ခဲနိုင်သည်။ ရွေးကောက်ပွဲဆိုင်ရာ အခြေခံဥပဒေမူဘောင်အရ စိုးရိမ်ရသည့် ကိစ္စရပ်များမှာ -

- *မဲဆန္ဒနယ်များ*။ ။ လွှတ်လပ်ရေးရစဉ်တည်းက အသုံးပြုခဲ့သော မဲဆန္ဒနယ်များအား မြို့နယ်များ နှင့် ချိတ်ဆက်ထားသည့် စနစ်သည် မဲဆန္ဒနယ်နှင့် လွှတ်တော်ကိုယ်စားပြုမှုအကြား နားလည်လွယ်သော တိုက်ရိုက်ဆက်နွယ်မှုကို ဖန်တီးပေးသည်။ သို့ရာတွင် မြို့နယ်တစ်ခုနှင့်တစ်ခု၏ မဲဆန္ဒရှင်အရေအတွက်မှာ အလွန်ကွဲပြားမှုကြောင့်[9] ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများ၏ မရှိမဖြစ် အစိတ်အပိုင်းဖြစ်သော တန်းတူညီမျှမဲပေးခြင်းကို သေချာပေါက် အာမခံနိုင်ခြင်း မရှိပေ။[10]
- *လွှတ်တော်တွင် တပ်မတော်ကိုယ်စားလှယ် ခန့်အပ်မှု*။ ။ လွှတ်တော်တစ်ရပ်စီတွင် ကိုယ်စားလှယ် အရေအတွက်၏ လေးပုံတစ်ပုံကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်သည်။ အခြေခံဥပဒေ ပြင်ဆင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ် လေးပုံသုံးပုံကျော်ထောက်ခံရန် လိုအပ်ခြင်းကြောင့် တပ်မတော်သည် ဗီတိုအာဏာကိုရရှိထားသည်။ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အပေါ် တပ်မတော်၏ ဆက်လက် ထောက်ခံအားပေးမှုကို ထိန်းသိမ်းထားရေးရှုထောင့်မှ ကြည့်လျှင် ကျိုးကြောင်းဆီလျော်ပုံ ရသော်လည်း နိုင်ငံတကာ ဒီမိုကရေစီစံနှုန်းများ၊ ကျင့်ဝတ်များနှင့်ကား ကိုက်ညီမှုမရှိပေ။[11]
- *ရွေးကောက်ပွဲ စီမံခန့်ခွဲရေးအဖွဲ့များ၏ လုပ်ပိုင်ခွင့်နှင့် လွတ်လပ်မှု*။ ။ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သည် အနည်းဆုံး အဖွဲ့ဝင် ၅ ဦး ပါဝင်သော အမြဲတမ်း အဖွဲ့အစည်းဖြစ်ပြီး

[9] ၂၀၁၀ခုနှစ် ရွေးကောက်ပွဲ အချက်အလက်များအရ အသေးငယ်ဆုံးသော မြို့နယ် ၁၀ခုတွင် မှတ်ပုံတင်ထားသော မဲဆန္ဒရှင်မှာ ပျမ်းမျှအားဖြင့် ၂၅၆၂ဦးရှိသော်လည်း အကြီးဆုံးသော မြို့နယ်၁၀ခုတွင် ပျမ်းမျှ မဲဆန္ဒရှင်များမှာ ၂၄၇၀၀၀ကျော် ရှိသည်။ အလယ်အလတ်ပိုင်း မဲဆန္ဒနယ်များတွင်ပင် မှတ်ပုံတင်ထားသော မဲဆန္ဒရှင်များ အရေအတွက်သည် ခန့်မှန်းခြေ ၆၀၀၀၀ မှ ၁၁၀၀၀၀ အထိ ရှိကြသည်။

[10] ကမ္ဘာ့လူ့အခွင့်အရေးကော်မတီ၊ CCPR အထွေထွေ မှတ်ချက် အမှတ်  25၊ အပိုဒ် 21 နှင့် ဗင်းနစ်ကော်မရှင်၏ ရွေးကောက်ပွဲ ကိစ္စများဆိုင်ရာ ကောင်းမွန်သော အလေ့အထ ကျင့်စဉ်များ၊ စာမျက်နှာ I.2.2.iv ကို ဖတ်ရှုလေ့လာရန်။

[11] အထွေထွေ မှတ်ချက် အမှတ် 25၊ အပိုဒ် 7 နှင့် ဗင်းနစ် ကော်မရှင် ကောင်းမွန်သော အလေ့အထ ကျင့်စဉ်များ၊ အချက် I.5 ကို ဖတ်ရှုလေ့လာရန်။

အဖွဲ့ဝင်အားလုံးအား သမ္မတမှ တိုက်ရိုက်ခန့်အပ်သည်။[12] ကော်မရှင်သည် လုပ်ပိုင်ခွင့်အာဏာစက် ကျယ်ကျယ်ပြန့် ပြန့် ရရှိထားသည်။ သို့ရာတွင် ၎င်း၏ ဆုံးဖြတ်ချက်များ သည် လွှတ်တော် သို့မဟုတ် ခုံရုံး၏ ကြီးကြပ်မှု သို့မဟုတ် အယူခံဝင်မှု များသို့ မသက်ရောက်ပေ။[13] လက်ရှိအဖွဲ့ဝင်ခန့်အပ်သည့် စနစ်နှင့် အုပ်ချုပ်ရေး တည်ဆောက်ပုံပေါ် (ဒေသအဆင့်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) ရွေးကောက်ပွဲစီမံခန့် ခွဲမှုများ တည်မှီနေခြင်းသည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်အား အယုံအကြည်မဲ့စေကြောင်း သက်သေပြနေသည်။ နိုင်ငံတကာ စံနှုန်းများအရ ဆိုလျှင် ရွေးကောက်ပွဲ စီမံခန့်ခွဲသည့် အဖွဲ့များသည် အနောင်အဖွဲ့ ကင်းကာ သမာသမတ်ကျရမည်။ [14]

- *မဲဆန္ဒရှင်နှင့် ကိုယ်စားလှယ်လောင်း အရည်အချင်း သတ်မှတ်ချက်*။ ။ဘာသာရေးအဖွဲ့ဝင်များ အပါအဝင် ချွင်းချက်အချို့မှလွဲ၍ အသက် ၁၈နှစ် ပြည့်ပြီးသူ နိုင်ငံသားတိုင်း မဲပေးရန် အရည်အချင်းပြည့်မီသည်။[15] ရွေးကောက်ပွဲဥပဒေများအရ ယာယီမှတ်ပုံတင် ကိုင်ဆောင်သူများ ကိုလည်း မဲပေးခွင့်ပြုထားသည်။[16] ယှဉ်ပြိုင်လိုသည့် ကိုယ်စားလှယ်လောင်းသည် မဲပေးရန် အရည်အချင်း ပြည့်မီရမည်၊ အသက် ၂၅နှစ် ပြည့်ရမည်။ (အမျိုးသားလွှတ်တော်အတွက် အသက် ၃၀) မြန်မာနိုင်ငံအတွင်း ၁၀နှစ် ဆက်တိုက် နေထိုင်ခဲ့ရမည်။ မွေးကတည်းက နိုင်ငံသားဖြစ်သူ မိဘနှစ်ပါးမှ မွေးဖွားခဲ့ရမည်။ ပြုနိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် (တပ်မတော်ကိုယ်စားလှယ်အဖြစ် ရွေးထားသူများ မပါ) နိုင်ငံ့ဝန်ထမ်းများသည် ရွေးချယ်တင်မြှောက်ခံရန် အရည်အချင်းမပြည့်မီပါ။ နိုင်ငံရေး ရည်ရွယ်ချက်အတွက် သာသာရေးကို ခုတုံးလုပ်သူများ၊ မတရားအသင်းနှင့် ဆက်သွယ်သူများကိုလည်း အရည်အချင်း မပြည့်မီဟု ရွေးကောက်ပွဲဥပဒေများက သတ်မှတ်ထားရာ၊ တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများနှင့် ယခင်က သို့မဟုတ် လက်ရှိ အဆက်အသွယ်ရှိသော ကိုယ်စားလှယ်လောင်းများ အရည်အချင်းမပြည့်ဟု ပယ်ချခံရနိုင်ကြောင်း တိုင်းရင်းသားပါတီများ ဖက်တွင် စိုးရိမ်မှုများ ဖြစ်ပေါ်စေသည်။ နိုင်ငံတကာဥပဒေများအရ ကိုယ်စားလှယ်လောင်း

---

[12] ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ ၃၉ ၈အရ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင်များသည် သတ်မှတ်ထားသော စည်းကမ်းချက်များကို ပြည့်မီရမည်။ အခြားသော စည်းကမ်းချက်များအပြင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေမှ အနိမ့်ဆုံး အသက်အဖြစ် ၅၀နှစ်ကို သတ်မှတ်ထားပြီး ကော်မရှင် အဖွဲ့ဝင်များသည် တရားသူကြီး၊ ဥပဒေအရာရှိ သို့မဟုတ် ရှေ့နေအဖြစ် နှစ်အတော်အတန်ကြာအောင် တာဝန် ထမ်းဆောင်ခဲ့ဖူးရမည် ဖြစ်သလို "ထင်ပေါ်ကျော်ကြားသော ပုဂ္ဂိုလ်များ" အဖြစ်လည်း ယူဆရသူများ ဖြစ်သည့်အပြင် ဂုဏ်သိက္ခာနှင့် အတွေ့အကြုံလည်း ရှိရမည်။ ကော်မရှင်အဖွဲ့ဝင်များသည် နိုင်ငံရေး ပါတီဝင်များ မဖြစ်ရပေ။

[13] နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေး ပဋိညာဉ်စာချုပ် (ICCPR) ၏ အပိုဒ် ၂.၃နှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၈တို့ကို ဖတ်ရှုရန်၊ နိုင်ငံတကာ လွှတ်တော် သမဂ္ဂ (IPU)မှ ၁၉၉၄ခုနှစ်၊ မတ်လ ၂၆ရက်တွင် ကန့်ကွက်မဲမရှိ ပြဋ္ဌာန်းခဲ့သော လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများဆိုင်ရာ စည်းကမ်းချက်များ ကြေငြာစာတမ်းအပိုဒ် ၄(၉)ကို ဖတ်ရှုရန်။ မြန်မာနိုင်ငံသည် ၂၀၁၂ခုနှစ်တည်းက IPU အဖွဲ့ဝင်ဖြစ်ပါသည်။

[14] အထွေထွေမှတ်ချက် အမှတ် ၂၅၊ အပိုဒ် ၂၅တွင် ဆိုထားသည်မှာ "ရွေးကောက်ပွဲ ဖြစ်စဉ်ကို ကြီးကြပ်ကွပ်ကဲရန်နှင့် ရွေးကောက်ပွဲကို မျှတစွာ၊ ဘက်မလိုက်ပဲ ပဋိညာဉ်နှင့် ကိုက်ညီသည့် ပြဋ္ဌာန်းထားသော ဥပဒေများနှင့် အညီ ဆောင်ရွက်ရန် လွတ်လပ်သော ရွေးကောက်ပွဲ အာဏာပိုင်အဖွဲ့ကို တည်ထောင်ရမည်။"

[15] ဤပြဋ္ဌာန်းချက်သည် လူပေါင်း ၄၅၀ ၀၀၀အပေါ် သက်ရောက်နိုင်ပြီး နိုင်ငံတော်နှင့် ဘာသာရေးကို ခွဲခြားသည့် အဓိပ္ပာယ် ဖွင့်ဆိုချက်မှ ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။ ဆင်တူသော ဖယ်ကြဉ်မှုများသည်လည်း ဒေသအတွင်းရှိ အခြားနိုင်ငံများတွင် ရှိကြပြီး ဥပမာ - ထိုင်းနိုင်ငံနှင့် ဘူတန်နိုင်ငံတို့ ဖြစ်သည်။

[16] ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၃၉၁အရ "ဥပဒေအရ မဲပေးပိုင်ခွင့်ရှိသောသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့် ရှိသည်" ဟု ပြဋ္ဌာန်းထားပါသည်။

အရည်အချင်းနှင့် မဲပေးခွင့်ကန့်သတ်ချက်များကို ပြုနိုင်ငံသားဖြစ်ခြင်း သို့မဟုတ် ဘာသာရေးအပေါ်တွင် အခြေခံထားခြင်းကို ကျိုးကြောင်း မဆီလျော်ဟု ယေဘုယျအားဖြင့် စဉ်းစားကြသည်။[17]

- *သမ္မတလောင်း အရည်အချင်းဆိုင်ရာ ကန့်သတ်ချက်များ*။ ။ သမ္မတအား လွှတ်တော်မှ ရွေးချယ်တင်မြှောက်ပြီး လူထုက တိုက်ရိုက်ရွေးချယ်ခြင်းမပြုပေ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ (အခန်း ၅၉-စ) အရ နိုင်ငံခြားသားခံယူထားသော မိဘ၊ မွေးချင်း၊ သားသမီးများရှိသူ မည်သူမဆို သမ္မတဖြစ်ခွင့် တားမြစ်ထားခြင်းကြောင့် သမ္မတလောင်း အရည်အချင်းလိုအပ်ချက်သည် အချေအတင် ငြင်းခုန်စရာ ကိစ္စ ဖြစ်လာသည်။ ဒေါ်အောင်ဆန်းစုကြည် (၎င်း၏ သားနှစ်ဦးသည် ဗြိတိန်နိုင်ငံသား ဖြစ်ခြင်း) အား ရည်ရွယ်ပြဋ္ဌာန်းထားခြင်းဖြစ်သည်ဟု အများယုံကြည်လက်ခံယူဆထားကြသော အဆိုပါပြဋ္ဌာန်းချက် သည် ICCPR အခန်း၂၅ပါ "နိုင်ငံသားတိုင်းသည် မဲပေးရန်၊ ရွေးချယ်တင်မြှောက်ခံရန် အခွင့်အလမ်းနှင့် ရပိုင်ခွင့်ရှိရမည်" ဟူသော အချက်နှင့် ကိုက်ညီမှု မရှိပါ။[18]

<u>နိုင်ငံတကာနှင့် ပြည်တွင်း လေ့လာစောင့်ကြည့်ခြင်း : ခွင့်ပြုခြင်း၊ တရားဝင်အသိအမှတ်ပြုခြင်းနှင့် ကျင့်ဝတ်</u>

Carter Center နှင့် ဥရောပသမဂ္ဂအပါအဝင် နိုင်ငံတကာလေ့လာစောင့်ကြည့်သူများအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ဖိတ်ကြားမှုမှာ ရွေးကောက်ပွဲလုပ်ငန်းစဉ် ပွင့်လင်းမြင်သာမှုရှိစေမည် ဆိုသည့် မြန်မာအစိုးရ၏ ကတိကဝတ် ပြည့်ဝစေနိုင်သော အဓိပ္ပာယ်ရှိသည့်ခြေလှမ်း တစ်ရပ်ဖြစ်ပါသည်။ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်မှုမှ ရွေးကောက်ပွဲလုပ်ငန်းစဉ်အပေါ် လွတ်လပ်စွာ အကဲဖြတ်နိုင်မှု ပေးစွမ်းသည်။ ယင်းသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ မှန်ကန်တိကျမှုနှင့် လူထုယုံကြည်မှု တိုးပွားစေနိုင်သည့်အပြင် မမှန်မကန်လုပ်ရပ်များကို တားဆီးနိုင်စွမ်းရှိသည်။ Carter Center သည် မြန်မာအစိုးရအား အထူးသဖြင့် ယခု ကိစ္စရပ်တွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အား ချီးကျူးအပ်ပါသည်။

ဤဆောင်ရွက်ချက်သည် အတိတ်မှ သိသိသာသာ ခွဲထွက်လာခြင်း ဖြစ်သည်။ ၂၀၁၀ ရွေးကောက်ပွဲတွင် နိုင်ငံတကာ စောင့်ကြည့်လေ့လာသူများ မရှိခဲ့ပေ။ ပြည်တွင်းအဖွဲ့အစည်း အများအပြားသည် တရားဝင် မဟုတ်သည့် စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ခဲ့ကြသော်လည်း ၎င်းတို့၏ အစီရင်ခံစာများကို မထုတ်ပြန်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင်မှ နိုင်ငံတကာစောင့်ကြည့်လေ့လာသည့် အဖွဲ့စည်းများသည် ထိရောက်သည့်ဖြန့်ကျက်မှုများလုပ်ရန် လုံလောက်သော ကြိုတင်အသိပေးစာ မရရှိဘဲ

[17] အထွေထွေမှတ်ချက် ၂၃၊ အပိုဒ် ၃တွင် "(အပိုဒ်၂၅) လူမျိုး၊ အသားရောင်၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာစကား၊ ကိုးကွယ်သည့် ဘာသာ၊ နိုင်ငံရေး သို့မဟုတ် အခြားသော ခံယူချက် သဘောထား၊ နိုင်ငံသားဖြစ်ခြင်း သို့မဟုတ် လူမှုအဆင့်အတန်း၊ ပိုင်ဆိုင်မှု၊ မွေးဖွားမှုနှင့် အခြားသော အဆင့်အတန်းများဟူသော အကြောင်းပြချက်များဖြင့် နိုင်ငံသားများအကြား ရပိုင်ခွင့်ရှိသော အခွင့်အရေးများကို ခံစားရာတွင် ခွဲခြားမှု မရှိရပေ။ မွေးဖွားမှုကြောင့် နိုင်ငံသားဖြစ်ခွင့် ရသူများနှင့် နိုင်ငံသားပြုခွင့်ရသူများအကြား ခွဲခြားခြင်းများသည် အပိုဒ် ၂၅နှင့် ကိုက်ညီမှု ရှိမရှိ မေးမြန်းစရာများ ပေါ်ထွန်းလာနိုင်ပါသည်။" အထွေထွေ မှတ်ချက် အမှတ် ၂၆၊ အပိုဒ် ၄၊ အထွေထွေ မှတ်ချက် အမှတ်၂၅၊ အပိုဒ် ၁၅နှင့် နိုင်ငံတကာ လွှတ်တော် သမဂ္ဂ (IPU)မှ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများဆိုင်ရာ စည်းကမ်းချက်များ ကြေငြာစာတမ်းနှင့် ဗင်းနစ်ကော်မရှင်၏ ကောင်းမွန်သော အလေ့အထ ကျင့်စဉ်များ၊ အချက် I.1.1.c.iv ကို ဖတ်ရှုလေ့လာရန်။

[18] ICCPR၏ အပိုဒ် ၂၅တွင် "နိုင်ငံသားတိုင်းတွင် အပိုဒ်၂တွင် ဖော်ပြထားသော ခွဲခြားချက်များ တစ်ခုမှ မပါပဲ ကျိုးကြောင်း မဆီလျော်သော ကန့်သတ်ချက်များ မပါပဲ ... (ခ) မဲပေးရန်နှင့် စစ်မှန်သည့် အချိန်ကာလ အပိုင်းအခြားတစ်ခုတွင် ကျင်းပသော ရွေးကောက်ပွဲများတွင် ဝင်ရောက် အရွေးခံခွင့်... ဟူသော လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးကို ရရှိရမည်" ဟု ဖော်ပြထားသည်။

အချိန်နှောင်းမှ ဖိတ်ကြားခြင်း ခံခဲ့ရသည်။ ပြည်တွင်းမှ အဖွဲ့အစည်းများသည်လည်း လေ့လာသူ အရေအတွက် အကန့်အသတ်ထားရှိ ဖြန့်ကျက်နိုင်ခဲ့သော်လည်း စောင့်ကြည့်လေ့လာရေးအတွက် ရှင်းလင်းသည့်မူဘောင် မရှိခြင်းနှင့် လုပ်ငန်းစဉ်ကို ထိတွေ့ခွင့်မရခြင်းတို့က အဟန့်အတားဖြစ်စေခဲ့သည်။

ယခုအခါ စောင့်ကြည့်လေ့လာသူများအတွက် ပတ်ဝန်းကျင်အခြေအနေမှာ သိသိသာသာ တိုးတက်လာပြီး ဖြစ်ပုံရသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတကာ စောင့်ကြည့်လေ့လာသူများကို ဖိတ်ကြားရန် လူသိရှင်ကြား ကတိပြုခဲ့ပြီး ကျင့်ဝတ်နှင့် တရားဝင်အသိအမှတ်ပြု လုပ်ထုံးလုပ်နည်းများ ရေးဆွဲရေးနှင့် ပတ်သက်၍လည်း အရပ်ဖက်အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်မှုများစွာ ပြုလုပ်ခဲ့သည်။ အဖွဲ့အစည်းများစွာသည် လေ့လာစောင့်ကြည့်ရန် အားထုတ်မှုများကို လတ်တလော ကြိုတင် ပြင်ဆင်နေကြသော်လည်း၊ တရားဝင် အသိအမှတ်ပြုခြင်းကို စောင့်ဆိုင်းနေသောကြောင့် တက်တက်ကြွကြွ ကွင်းဆင်းလေ့လာမှုများ မပြုလုပ်နိုင်ကြသေးပေ။

*ကျင့်ဝတ်နှင့် တရားဝင် အသိအမှတ်ပြုလွှာထုတ်ပေးခြင်း မူဘောင်* ။ ။၂၀၁၀ နှင့် ၂၀၁၂ နှစ်ကြိမ်စလုံး၌ မရှိခဲ့သော စောင့်ကြည့်လေ့လာရေးဆိုင်ရာ မူဘောင်ထုတ်ဖော်မှုသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ယုံကြည်မှု တည်ဆောက်ရေးအတွက် ခရီးအများကြီးရောက်လိမ့်မည် ဖြစ်သည်။ စောင့်ကြည့်လေ့လာသူများ လိုက်နာရမည့် ကျင့်ဝတ်မူကြမ်းနှင့် အသိအမှတ်ပြုလွှာ ထုတ်ပေးခြင်း လုပ်ငန်းစဉ်ကို Carter Center ၊ အရပ်ဖက်အဖွဲ့အစည်းများ နှင့် ဆွေးနွေးရေးဆွဲခဲ့ပါသည်။ ဖေဖော်ဝါရီလ ၁၆ ရက်နေ့က ပြုလုပ်သော ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်နှင့် အရပ်ဖက်အဖွဲ့အစည်းများ ညှိနှိုင်းအစည်းအဝေးတွင် အချေတင်အငြင်းပွားစရာကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကာ အများစုကို ပွင့်လင်းမြင်သာ၍ အားလုံးပါဝင်သောပုံစံဖြင့် ဖြေရှင်းခဲ့ကြသည်။ နောက်ဆုံးအတည်ပြုထားသော ကျင့်ဝတ်များကို မတ်လ ၁၉ ရက်နေ့က ထုတ်ပြန်ခဲ့ပါသည်။ အရပ်ဖက်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများသည် နောက်ဆုံးအဆင့်ထွက်ရှိလာမည့် အသိအမှတ်ပြုလွှာဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်၊ တပ်မတော်နှင့် အခြားလုံခြုံရေးတပ်ဖွဲ့များ၏ ကြိုတင်မဲပေးမှုကို လေ့လာစောင့်ကြည့်နိုင်မည့် လုပ်ထုံးလုပ်နည်းများကို စောင့်စားလျှက်ရှိသည်။

*ကော်မရှင်အဖွဲ့ခွဲများ၏ အစည်းအဝေးများနှင့် လှုပ်ရှားမှုများကို ထိတွေ့လေ့လာခွင့်*။ ။ မိမိတို့ သွားရောက်ခဲ့သော ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ မြို့နယ်များအားလုံးတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဝန်ထမ်းများက နွေးနွေးထွေးထွေး ကြိုဆိုကြပါသည်။ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မြို့နယ်အဆင့် မဲဆန္ဒရှင်စာရင်း အသစ်ပြုစုခြင်း လုပ်ငန်းစဉ်ကို လေ့လာနိုင်ခဲ့သည်။ ကော်မရှင်အဖွဲ့ခွဲများက ၎င်းတို့ အစည်းအဝေးများ ကျင်းပနေစဉ် တက်ရောက်လေ့လာခွင့်နှင့်ပတ်သက်၍ ကွဲလွဲခဲ့ပြီး အချို့က ခွင့်ပြုသော်လည်း အချို့ကငြင်းဆန်ကြသည်။ အချို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ခွင့်ပြုချက် သို့မဟုတ် တရားဝင် အသိအမှတ်ပြုမှုအပေါ် မရေမရာ တုန့်ပြန်ကြသည်။ ကော်မရှင်အဖွဲ့ခွဲဝင်အများစုကမူ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးရန်၊ လုပ်ငန်းစဉ် လေ့လာစောင့်ကြည့်ခွင့် လွယ်ကူချောမွေ့အောင် ကူညီရန်၊ လိုလိုလားလားရှိကြောင်း ပြသခဲ့ကြသည်။ အချို့နေရာများတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ထံမှ နောက်ထပ် ညွှန်ကြားချက်များကို စောင့်ဆိုင်းနေသည်ဟု ကော်မရှင်အဖွဲ့ခွဲများက Carter Center ကို အသိပေးကြသည်။ (ဥပမာ- ကြိုတင်မဲပေးခြင်း၊ နိုင်ငံသား မဲပေးခွင့်၊ အိုးအိမ်မဲ့ ဒုက္ခသည်များ မဲပေးခြင်း)

*ပထဂီနယ်မြေဆိုင်ရာ လက်လှမ်းမီမှု နှင့် လွတ်လပ်စွာ သွားလာခွင့်*။ ။ Carter Center မှ ကွင်းဆင်း ဝန်ထမ်းများသည် ရောက်ရှိခဲ့သော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အနှံ့အပြား သွားလာခွင့်ရခဲ့ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဒေသဆိုင်ရာ အစိုးရတာဝန်ရှိသူများမှလည်း အဆင်ပြေ လွယ်ကူစေရန် ကူညီခဲ့ကြသည်။ ခြွင်းချက်အနည်းငယ်မှအပ ကွင်းဆင်းဝန်ထမ်းများသည် မြို့နယ်အဆင့်ထိ အနှောင့်အယှက်မရှိ သွားရောက်နိုင်ရန် ခွင့်ပြုချက်ရခဲ့သည်။ ခရီးစဉ်တွင် နယ်စပ်မြို့နယ်များနှင့် တားမြစ်နယ်မြေများသို့ သွားလာမှုများလည်း ပါဝင်သည်။ ကရင်နှင့် ရှမ်းပြည်နယ်ရှိ မြို့နယ်အချို့တွင် ကွင်းဆင်းဝန်ထမ်းများကို ရဲအထူးသတင်းတပ်ဖွဲ့က အနီးကပ် စောင့်ကြည့်မှု များရှိခဲ့သည်။ တိုင်းရင်းသား လက်နက်ကိုင်အုပ်စုကိုယ်စားလှယ်များက ၎င်းတို့ထိန်းချုပ်နယ်မြေများတွင် လေ့လာသူများကို သွားလာခွင့်ပြုရန် ရည်ရွယ်ထားကြောင်း Carter Center အား ထုတ်ဖော်ပြောဆိုသော်လည်း တိုင်းရင်းသားလက်နက်ကိုင် ထိန်းချုပ်နယ်မြေများသို့ ယခုအချိန်အထိ အနှံ့အပြား သွားရောက်ခြင်း မပြုရသေးပေ။

## နိုင်ငံရေးအရ ပါဝင်လုပ်ကိုင်နိုင်ခွင့်နေရာ : အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် မီဒီယာ

မိမိတို့ သွားရောက်ခဲ့သော နယ်မြေများရှိ နိုင်ငံရေးပါတီများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများက ၂၀၁၀ သို့မဟုတ် ၂၀၁၂နှင့် နှိုင်းယှဉ်လျှင် ပိုမို လွတ်လပ်ခွင့် ရှိလာသော အခြေအနေဖြစ်ကြောင်း တင်ပြကြသည်။ မြို့နယ်အများစုတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများ မရှိဘဲ၊ နိုင်ငံရေးအရလှုပ်ရှားမှု အနည်းငယ်နှင့် နယ်မြေခံမီဒီယာ အနည်းငယ်မျှသာ ရှိသည်။ ထို့အတွက်ကြောင့် နိုင်ငံရေးအရလှုပ်ရှားမှုများအတွက် ခွင့်ပြုနိုင်ခြေ နယ်နမိတ်ကို ယခုအထိ အပြည့်အဝ စမ်းသပ်ခြင်း မပြုရသေးပေ။ ပြောင်ပြောင်တင်းတင်း နှောင့်ယှက်မှုနှင့် ခြိမ်းခြောက်မှုများ ရှားပါးပုံရသော်လည်း ဆိုးရွားသည့် တုန့်ပြန်မှုများနှင့် ရင်ဆိုင်ရနိုင်သည့် မြေသိမ်းယူခြင်းကဲ့သို့သော ထိလွယ်ရှလွယ်သည့် ကိစ္စများရပ်များ ဖော်ပြရာတွင် နိုင်ငံရေးပါတီ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများနှင့် မီဒီယာကိုယ်စားလှယ်များ အားလုံးတွင် စိုးရိမ်မှုများရှိကြောင်းဖော်ပြကြသည်။

*နိုင်ငံရေး ပါတီလှုပ်ရှားမှုအား ထိန်းကျောင်းနေသည့် မူဘောင်*။ ။လွှတ်တော်ကိုယ်စားလှယ်များ မဲဆွယ် စည်းရုံးခွင့် ဆိုင်ရာညွှန်ကြားချက်[19] (အတည်မပြုရသေး) အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ရေးဆွဲထားသော်လည်း ရွေးကောက်ပွဲမဲဆွယ်စည်းရုံးခြင်းကို ရွေးကောက်ပွဲဥပဒေများတွင် တိတိကျကျ ဖော်ပြထားခြင်းမရှိပေ။ မဲဆွယ်သည့်ကာလအား ရက်ပေါင်း ၆၀ အထိ တိုးပေးမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လူသိရှင်ကြား ဖော်ပြခဲ့သော်လည်း၊ ညွှန်ကြားချက် မူကြမ်းအရဆိုလျှင် မဲဆွယ်သည့်ကာလမှာ ရက်ပေါင်း ၃၀ ဖြစ်သည်။ ၂၀၁၅ခုနှစ် ဇန်နဝါရီလ ၁၆ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁/၂၀၁၄ ညွှန်ကြားချက်သည် ရွေးကောက်ပွဲအကြို စည်းရုံးခြင်းများ အပေါ် သက်ရောက်မည် မဟုတ်ကြောင်း နောက်ထပ်ကြေငြာချက် ထုတ်ပြန်ခဲ့သည်။ ယင်းသည် ပါတီကိုယ်စားလှယ်များအကြား ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေခဲ့သည်။ ညွှန်ကြားချက်တွင် အခြားစည်းကမ်း ချက်များ (မဲဆွယ်ပွဲများအတွက် ကြိုတင်ခွင့်ပြုချက်ယူရန် အပါအဝင်) နှင့် တားမြစ်ချက်များ (တပ်မတော်၊ ဘာသာရေးနှင့် နိုင်ငံတော်ကို ပြစ်တင်ဝေဖန်သော အကြောင်းအရာ အပါအဝင်) ကိုလည်း ချမှတ်ထားသည်။ အမှန်တွင် ရွေးကောက်ပွဲမဲဆွယ်ခြင်း၏ အသက်ဝင်မှု၊ လွတ်လပ်မှု၊ တန်းတူ ညီမျှမှုတို့သည်

[19] ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ညွှန်ကြားချက်အမှတ် ၁/၂၀၁၄ ဇူလိုင်လ ၂၀၁၄ မူကြမ်း

ထိုညွှန်ကြားချက်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက အဓိပ္ပာယ် ဖွင့်ဆိုပုံနှင့် အကောင်အထည်ဖော်ပုံ အပေါ်တွင်အလွန် မူတည်နေသည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ အပြီးသတ် အတည်ပြုမည့် ညွှန်ကြားချက်သည် စစ်မှန်သော ဒီမိုကရေစီရွေးကောက်ပွဲများအတွက် အသက်တမျှ အရေးပါသည့် လွတ်လပ်ခွင့်များအပေါ် အကန့်အသတ်များနှင့် မထွက်ပေါ်လာရန် လိုအပ်ပါသည်။

*နိုင်ငံရေးပါတီ လှုပ်ရှားမှု*။ ။ယနေ့အထိဆိုလျှင် ဒေသဆိုင်ရာအဆင့်တွင် နိုင်ငံရေးလှုပ်ရှားမှုမှာ အနိမ့်ဆုံး ဖြစ်နေပြီး ပါတီမူဝါဒများလည်း ဖွံ့ဖြိုးမှုမရှိပေ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)၏ ဥပဒေပိုင်းဆိုင်ရာ ကူညီမှုများကို မန္တလေးတိုင်းဒေသကြီးတွင်ပါ တွေ့ရသော်လည်း၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) သည် ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်ချက်များတွင် ပံ့ပိုးခြင်းဖြင့် ရပ်ရွာအသိုင်းအဝိုင်း များတွင် ထိတွေ့မှုအများဆုံး ဖြစ်ပုံရသည်။ နေရာအတော်များများတွင် ပြည်ခိုင်ဖြိုးတံဆိပ်ကပ် စီမံချက်နှင့် အစိုးရ ထောက်ပံ့သော ဖွံ့ဖြိုးရေးစီမံချက်တို့အကြား ရောထွေးနိုင်သည့် အလားအလာကြောင့် စိုးရိမ်သည်ဟု ဖော်ပြကြသည်။ ပြည်နယ်များတွင်မူ တိုင်းရင်းသားလူမျိုးစု အခြေပြုပါတီများ ရှိနေခြင်းကြောင့် နိုင်ငံရေးအရ ပါဝင်လှုပ်ရှားမှုနယ်ပယ်သည် ပိုမိုကွဲပြားစုံလင်စေသည်။ တိုင်းရင်းသားနိုင်ငံရေးပါတီ ကိုယ်စားလှယ်များက ၎င်းတို့သည် ရွေးကောက်ပွဲ အတွက် မဟာမိတ် ဖွဲ့စည်းခြင်း၊ ယခင်ပေါင်းစည်းမှုများအပေါ် ပြန်လည်မေးခွန်း ထုတ်ခြင်းတို့ကို တက်တက်ကြွကြွ ထည့်သွင်းစဉ်းစားနေကြောင်း Carter Center ကို ပြောကြားကြသည်။ ရွေးကောက်ပွဲ နီးကပ်လာသည်နှင့်အမျှ နိုင်ငံရေးလှုပ်ရှားမှုများ တိုးမြှင့်လာပြီး ပါတီလှုပ်ရှားမှုအတွက် မူဘောင်မှာလည်း ရှင်းလင်းသဲကွဲလာလိမ့်မည်ဟု မျှော်လင့်ရသည်။

*နိုင်ငံရေးပါတီ လှုပ်ရှားမှုအပေါ် တားမြစ်မှုများ*။ ။ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအဆင့်တွင် ပွဲများစီစဉ် လှုပ်ရှားသည့် တက်ကြွသောပါတီ အနည်းငယ်သာရှိသည်မှာ မှန်သော်လည်း နိုင်ငံရေးပါတီများက ၎င်းတို့၏ သွားလာမှု၊ လှုပ်ရှားမှု များအပေါ် ဟန့်တားမှုကြီးများရှိသည်ဟု မဆိုကြပေ။ သို့ရာတွင် အများနှင့်ဆိုင်သော စည်းဝေးပွဲများအတွက် ကြိုတင်အကြောင်းကြားရသော စည်းကမ်းချက်ကို ပါတီကိုယ်စား လှယ်များက ငြီးငွေ့ကြသည်။ နိုင်ငံတော်အဆင့်တွင် တရားဝင်မဲဆွယ်သည့် ကာလမတိုင်မီ ပါတီလှုပ်ရှားမှုများနှင့် ပတ်သက်၍ မည်သည်ကို ခွင့်ပြုမည် သို့မဟုတ် ခွင့်မပြုဟူသည်မှာ မသဲကွဲကြောင်း ပါတီခေါင်းဆောင်များက ထုတ်ဖော်ပြောကြားကြသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်တွင်မူ ဤအချက်ကို စိုးရိမ်မှု ရှိပုံမရပါ။ ပါတီငယ်များကမူ ယင်းတို့အတွက် ဘဏ္ဍာရေးရင်းမြစ်မရှိခြင်းသည် ပါတီကြီးများနှင့် သူတင်ကိုယ်တင် ယှဉ်ရာတွင် တစ်ပန်းရှုံးစေသည်ဟု ခံစားယူဆကြသည်။

နိုင်ငံရေးပါတီများသည် အများနှင့်ဆိုင်သောပွဲများနှင့် သင်တန်းများ၏ အသေးစိတ် အစီအစဉ်များ (ဆွေးနွေးမည့် အကြောင်းအရာနှင့် တက်ရောက်သူ စာရင်းအပါအဝင်) ကို မြို့နယ်အဆင့် ကော်မရှင်အဖွဲ့ခွဲများသို့ အနည်းဆုံး တစ်ပတ် ကြိုတင်၍ တင်ပြရန် လိုအပ်သည်။ ပါတီများ၏ ရွေးကောက်ပွဲမတိုင်မီ လှုပ်ရှားမှုများကို ချုပ်ကိုင်နိုင်သည့် စည်းမျဉ်းမရှိထားသည့်အပေါ် ဒေသအာဏာပိုင်များက ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ကိုင်တွယ်လျက်ရှိရာ၊ လိုရာဆွဲ ကျင့်သုံးနေသည်ဟု အချို့ပါတီများက ယူဆကြသည်။ ထိုသို့ ဒေသအာဏာပိုင်များ၏ ဆုံးဖြတ်လုပ်ကိုင်မှုကြောင့် နိုင်ငံရေးပါတီ လှုပ်ရှားမှုများ ချုပ်ချယ်ခံရနိုင်သည့် အလားအလာရှိသော်လည်း ခွင့်ပြုချက်တောင်းခံမှုအပေါ် ငြင်းပယ်ခံရခြင်းများ

ရှားပါးပုံရသည်။ အချို့ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ပိုမိုလိုက်လျောသည့်စီမံမှုများ ရှိသည်။ သာဓကအနေဖြင့် (ရေးမြို့နယ်ခရီးစဉ်တွင် လေ့လာသူများ ပါဝင်တက်ရောက်ခဲ့သော) မွန်ပြည်နယ်တွင် လူထုစည်းဝေးပွဲများ အတွက် ကြိုတင်ခွင့်ပြုချက် လျှောက်ထားရန် မလိုအပ်ကြောင်း ပါတီများက ပြောကြားသည်။ ကယားပြည်နယ်မှ ပါတီတစ်ခုကလည်း ရုံးခန်းဖွင့်ခြင်း၊ ဆိုင်းဘုတ်ထောင်ခြင်း အပါအဝင် လုပ်ရှားမှုများအတွက် လပေါင်းများစွာ အကျုံးဝင်သည့် ယေဘုယျ ခွင့်ပြုချက်ကို ရရှိခဲ့သည်ဟု ဖော်ပြပါသည်။

သို့ရာတွင် တစ်ခါတစ်ရံ၌ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအဆင့်တွင် တစ်ဖက်သတ်ဆန်ဆန် ရှေ့နောက်မညီ အဓမ္မတားမြစ်ခြင်းများကို ခံရသည်ဟု ပါတီများကတင်ပြသည်။ ဆိုင်းဘုတ်ထောင်ခြင်းကို ကန့်သတ်တားမြစ်မှုသည် ထုံးစံသဖွယ် ဖြစ်နေပြီး အချို့ပါတီများမှာ ကျေးရွာတစ်ရွာလျှင် ဆိုင်းဘုတ်တစ်ခု (မန္တလေးတိုင်းဒေသကြီးတွင်) အချို့နေရာများတွင် ကျေးရွာ ၁၀ ရွာမှ ရွာ၂၀အတွက် ဆိုင်းဘုတ်တစ်ခု (ကယားပြည်နယ်တွင်) စသည်ဖြင့် ကန့်သတ်ခြင်းခံရသည်။ ပါတီအကြီးတန်း တာဝန်ရှိသူများနှင့် ပါတီလှုပ်ရှားမှုများမှာလည်း ရဲအထူးသတင်းတပ်ဖွဲ့၏ စောင့်ကြည့်ခြင်းခံရသည်ဟု ပါတီဝင်များစွာက တင်ပြသည်။ လက်နက်ကိုင်အုပ်စု ရှိသော နယ်မြေများတွင် ပါတီလှုပ်ရှားမှုများ သိသိသာသာ ဟန့်တားခံရသည်ဟုလည်း ပါတီအများစုက ဖော်ပြကြသည်။

*အရပ်ဖက်လူမှုအဖွဲ့အစည်းများအတွက် နိုင်ငံရေးအရပါဝင် လုပ်ပိုင်ခွင့်နေရာ*။

။မိမိတို့သွားရောက်ခဲ့သော နယ်မြေများရှိ အရပ်ဖက်လူမှုအဖွဲ့အစည်းများက ၂၀၁၀ နောက်ပိုင်းတွင် ၎င်းတို့၏ လှုပ်ရှားမှုများအပေါ် ဟန့်တားမှု အနည်းငယ်သာရှိပြီး များစွာတိုးတက်လာသော အခြေအနေဖြစ်သည်ဟု အစီရင်ခံကြသည်။ တိုင်းရင်းသား အခွင့်အရေးနှင့် မြေသိမ်းယူမှုကဲ့သို့သော ကိစ္စရပ်များ ဖေါ်ထုတ်သော အတော်အတန်ကြီးသည့် လူထုဆန္ဒပြပွဲများစွာကိုလည်း Carter Center ဝန်ထမ်းများက မျက်မြင်ကိုယ်တွေ့ စောင့်ကြည့်လေ့လာခဲ့ကြသည်။ ယင်းမှာ နိုင်ငံရေးအရ လုပ်ပိုင်ခွင့်နယ်ပယ် တိုးတက်လာမှု၏ ညွှန်ပြချက်တစ်ခုဖြစ်ပါသည်။ သို့သော် မတ်လ ၁၀ ရက်နေ့တွင် လက်ပံတန်းနှင့် ရန်ကုန်တွင် ဆန္ဒပြကျောင်းသားများကို အကြမ်းဖက် နှိမ်နင်းခဲ့ရာ ဆန္ဒပြသူများ ဒါဇင်နှင့်ချီ၍ ဒဏ်ရာရခဲ့ပြီး အယောက်၁၀၀ကျော် အဖမ်းခံခဲ့ရပါသည်။ အချို့ မြို့နယ်များတွင် အထူးသဖြင့် ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မှ နယ်စပ်ဒေသများ၊ ပအိုဝ်ကိုယ်ပိုင် အုပ်ချုပ်ရေးဒေသကဲ့သို့ လက်နက်ကိုင်အုပ်စုရှိသော အခြားနယ်မြေများမှ မြို့နယ်များတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများ သတိပြုမိလောက်အောင် ပပျောက်နေသည်ကိုလည်း တွေ့ရှိရသည်။

မိမိတို့ သွားရောက်ခဲ့သော ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံးမှ အရပ်ဖက်လူမှုအဖွဲ့အစည်းများက ၎င်းတို့၏ လှုပ်ရှားမှုများ အကောင်အထည်ဖော်နိုင်ရန်အတွက် ကြိုတင် ခွင့်ပြုချက်ရရှိရန် လိုအပ်နေကြောင်း၊ တစ်ခါတစ်ရံ၌ ခွင့်ပြုချက်ရရှိရေးတွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ နှောင့်နှေးကြန့်ကြာမှုများနှင့် ရင်ဆိုင်နေရကြောင်း ထုတ်ဖော် ပြောကြားကြသည်။ သို့ရာတွင် နိုင်ငံရေးပါတီများအနေဖြင့် ခွင့်ပြုချက်မရဘဲ ပိတ်ပင်ခံရမှု ရှားပါးပုံရပြီး နယ်မြေအများစုတွင် ပိုမိုလိုက်လျောသော အစီအစဉ်များကို နယ်မြေအဆင့်မှာပင် ညှိနှိုင်းသဘောတူဆောင်ရွက် လျက်ရှိကြသည်။ ရှမ်းပြည်နယ်မှ အရပ်ဖက်လူမှုအဖွဲ့အစည်းများက ၎င်းတို့လှုပ်ရှားမှုအတွက် ခွင့်ပြုချက်ရရှိရန် အုပ်ချုပ်ရေးပိုင်း ကြန့်ကြာမှုများနှင့် ရင်ဆိုင်ရသော်လည်း လျှောက်လွှာကို ပယ်ချမှုမှာ ရှားရှားပါးပါးဖြစ်သည်ဟု ပြောကြားကြသည်။ ကယားပြည်နယ်တွင် ခွင့်ပြုချက်ကိစ္စကို တင်းတင်းကြပ်ကြပ် ချုပ်ချယ်ထားပုံမရပဲ ကြိုတင် ခွင့်ပြုချက် မယူသော လှုပ်ရှားမှုများကို

နှုတ်ဖြင့် သတိပေးရုံမျှသာ ပြုလုပ်သည်ဟု အချို့အဖွဲ့အစည်းများက ဆိုသည်။ မွန်ပြည်နယ်မှ အရပ်ဖက်လူမှုအဖွဲ့အစည်းများကမူ ၎င်းတို့နှင့် ပြည်နယ်အစိုးရအကြား ဆက်ဆံရေး ကောင်းမွန်သည်ဟု ပြောကြားကြသည်။

ပိုမိုလိုက်လျောခွင့်ပြုသော ဂန်းကျင်ဖြစ်လာသော်လည်း မိမိတို့ သွားရောက်လေ့လာခဲ့သော ပြည်နယ်များနှင့် တိုင်းဒေသကြီးအားလုံးမှ အရပ်ဖက်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များက ထိလွယ်ရှလွယ်သော အကြောင်းအရာများ ဖော်ထုတ်ပြောဆိုလျှင် အစိုးရက (အချို့နယ်မြေများတွင် လက်နက်ကိုင်အုပ်စုများ၊ နိုင်ငံရေးပါတီများက) ဆိုးရွားစွာတုန့် ပြန်မည်ဟု ကြောင့်ကြစိုးရိမ်မှု ရှိနေကြောင်းလေ့လာသိရှိရသည်။ မွန်၊ ကယား၊ ရှမ်းပြည်နယ်များနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ အရပ်ဖက်လူမှုအဖွဲ့အစည်းများက ၎င်းတို့သည် ထိရှလွယ်သော ကိစ္စရပ်များ အထူးသဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် မြေသိမ်းယူမှုများကို အဓိက ဖော်ထုတ်မှုကြောင့် နှောင့်ယှက်ခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်းတို့ ရှိကြောင်း ပြောကြားကြသည်။ အရပ်ဖက် လူမှုလှုပ်ရှားသူများအား တိုက်ရိုက် စွက်ဖက်ဟန့်တားမှုများ တွေ့ရခဲ့သော်လည်း ရဲအထူးသတင်းတပ်ဖွဲ့၏ စောင့်ကြည့်ခြင်းကို များသောအားဖြင့် ကြုံတွေ့ကြရသည်။

အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ရွေးကောက်ပွဲ ပါဝင်ဆင်နွှဲမှုကို မြှင့်တင်ခြင်း၊ မဲဆန္ဒရှင်များအား ရွေးကောက်ပွဲ လုပ်ငန်းစဉ်အကြောင်း၊ ၎င်းတို့၏ ရပိုင်ခွင့်နှင့် ဝတ္တရားများအကြောင်း၊ အသိပေးခြင်းတို့အတွက် လွန်စွာအရေးပါသည်။ မဲဆန္ဒရှင်များအား အသိပေးပညာပေးခြင်းကို စိတ်ဝင်စားကြောင်း အရပ်ဖက်အဖွဲ့အစည်း ခေါင်းဆောင်များစွာက ထုတ်ဖော်ပြောကြားကြသော်လည်း ဤအဆင့်တွင် အဖွဲ့အစည်း အနည်းငယ်ကသာ ရွေးကောက်ပွဲဆိုင်ရာလှုပ်ရှားမှုများ တက်တက်ကြွကြွ စီစဉ်နေကြသည်။ မှတ်ပုံမတင်ရသေးသော အဖွဲ့အစည်းများစွာ ကျန်ရှိနေပြီး မှတ်ပုံတင်ခြင်းကြောင့် အစိုးရ၏ ပိုမိုစောင့်ကြည့်ခြင်းခံရလိမ့်မည်ဟု အတွေးလွန်စိုးရိမ်မှုများ တစ်ခါတစ်ရံတွေ့ရသည်။ အကျိုးဆက်အနေဖြင့် ပြည်နယ်များနှင့် တိုင်းဒေသကြီး အများစုမှ အရပ်ဖက်အဖွဲ့အစည်းများသည် မဲဆန္ဒရှင် အသိပညာပေး လုပ်ငန်းများနှင့်ပတ်သက်၍ ကော်မရှင်အဖွဲ့ခွဲများနှင့် ထိတွေ့ဆောင်ရွက်ရန် တစ်နည်းအားဖြင့် စိတ်ဝင်စားသည့်တိုင်အောင် ထိုသို့ ထိတွေ့ရန်အတွက် အစိုးရထံမှ မှတ်ပုံတင်ထားခြင်း သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တရားဝင် အသိအမှတ်ပြုထားခြင်းမရှိသည့် အချက်ကြောင့် ထိုသို့ ပြုလုပ်လိုခြင်းမရှိဟု ထုတ်ဖော် ပြောကြားကြသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကော်မရှင်အဖွဲ့ခွဲများအား အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အနည်းဆုံး တစ်လတစ်ကြိမ် သို့မဟုတ် နှစ်လတစ်ကြိမ် တွေ့ဆုံရန် ညွှန်ကြားသွားမည်ဟု Carter Center ကို အသိပေးပြောကြားခဲ့ပါသည်။ ကော်မရှင်အဖွဲ့ခွဲများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ တိုးမြှင့်ထိတွေ့ဆောင်ရွက်မှုသည် မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးတက်လာရန် ဦးတည်သည့် ကြိုဆိုရမည့် ဆောင်ရွက်ချက်တစ်ခု ဖြစ်သည်။

*မီဒီယာဝန်းကျင် အခြေအနေ*။ ။ မိမိတို့ သွားရောက်ခဲ့သော ဒေသများရှိ မီဒီယာဝန်းကျင် အခြေအနေသည် နိုင်ငံရေးပါတီများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် အတိုင်းအဆ မတူညီသော်လည်း ယခင်နှစ်များထက် တိုးတက်လာသော အခြေအနေဖြစ်သည်ဟု သတင်းထောက်များက ပြောကြားကြသည်။ အများစုသည် နိုင်ငံတော်အဆင့် မီဒီယာဇစ်မြစ်များထံမှ သတင်းများ ရယူနေကြသောကြောင့် ဒေသခံမီဒီယာများ ဖွံ့ဖြိုးမှုမရှိဘဲ ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားမှုအပေါ်တွင်လည်း သိသိသာသာ အာရုံစိုက်မှု မရှိပေ။ နိုင်ငံတော်အဆင့်တွင်မူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မီဒီယာများနှင့် တက်တက်ကြွကြွ ထိတွေ့လျက်ရှိပြီး၊

ရွေးကောက်ပွဲဆိုင်ရာ မီဒီယာလမ်းညွှန်စာအုပ်ကို မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)နှင့် ပူးတွဲထုတ်ဝေသွားမည်ဟု ကြေညာထားသည်။ ယခုအချိန်ထိမူ ဒေသအဆင့်တွင် ကော်မရှင်အဖွဲ့ခွဲများနှင့် မီဒီယာများ အကြား ထိတွေ့ဆောင်ရွက်မှု အနည်းငယ်သာရှိပုံရသည်။

မိမိတို့သွားရောက်ခဲ့သော ပြည်နယ်များနှင့် တိုင်းဒေသကြီးများအားလုံးမှ သတင်းထောက်များက (မွန်ပြည်နယ်တွင် ဖမ်းဆီးခံရကာ တပ်မတော် အချုပ်ခန်းတွင် မရေးမနောင်း သေဆုံးသွားခဲ့သော သတင်းထောက် ကိုပါကြီး၏ ဖြစ်ရပ်ကဲ့သို့သော) ဒေသအဆင့်နှင့် နိုင်ငံတော်အဆင့် ရုပ်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု မြောက်များစွာကို ရည်ညွှန်းကာ၊ ထိရှလွယ်သော အကြောင်းအရာများ - အထူးသဖြင့် တပ်မတော်၏ နိုင်ငံရေးကဏ္ဍ၊ မြေသိမ်းယူမှု၊ အဂတိလိုက်စားမှုများကို သတင်းရေးသားသည့် သတင်းထောက်များအား ခြိမ်းခြောက် နှောင့်ယှက်ခြင်း၊ အသရေဖျက်မှုဖြင့် တရားစွဲရန် ခြိမ်းခြောက်ခြင်းတို့နှင့် ပတ်သက်ပြီး စိုးရိမ်မိကြောင်း ထုတ်ဖော်ပြောကြားကြသည်။ မီဒီယာများက ၎င်းတို့အပေါ် ရဲအထူးသတင်းတပ်ဖွဲ့က အနီးကပ် စောင့်ကြည့်ခြင်း၊ အလွတ်သဘော ခေါ်ယူမေးမြန်းခြင်းများရှိသည်ဟု ပြောကြသော်လည်း၊ ကြားဝင်စွက်ဖက်နှောင့်ယှက်မှုများ ယခင်ကထက် လျော့နည်းသွားသည် ဟုဆိုသည်။ ရှမ်း၊ ကရင်၊ မွန်ပြည်နယ်များမှ သတင်းထောက်များက အစိုးရဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် တွေ့ဆုံနိုင်ခြင်း မရှိသောကြောင့် နိုင်ငံရေး တိုးတက်ပြောင်းလဲမှုများကို သတင်း ရေးသားတင်ပြရန် အခက်အခဲရှိသည်ဟု ပြောကြားကြသည်။

ကိုယ်တိုင်သတင်း ဆင်ဆာဖြတ်တောက်မှုသည် သတင်းရေးသားရာတွင် အထူးသဖြင့် မြေသိမ်းယူမှုနှင့် အဂတိလိုက်စားမှုကဲ့သို့သော ထိရှလွယ်သော အကြောင်းအရာများနှင့် ပတ်သက်၍ အသုံးများလာဖွယ်ရှိကြောင်း ကြားသိရသည်။ အငြင်းပွားစရာ အကြောင်းအရာများကို ရေးသားခြင်းမပြုရန် သတင်းထောက်များကို တာဝန်ရှိသူများက သတိပေးချက်များ ထုတ်ပြန်ထားသည်ဟူသော သတင်းမြောက်များစွာနှင့် မြို့နယ်အဆင့်တွင် သတင်း ဆင်ဆာဘုတ်ရှိနေသည်ဟူသော အတည်မပြုနိုင်သည့် သတင်းတစ်ခုတို့ကို Carter Center က ကြားသိထားသည်။ ရှမ်း၊ ကရင်၊ မွန်ပြည်နယ်များနှင့် ဧရာဝတီတိုင်းဒေသကြီးမှ သတင်းထောက်များက ထိရှလွယ်သော ကိစ္စရပ်များ ရေးသားဖော်ပြမှုကို အာဏာပိုင်များက လိုလားမှုမရှိဟု ထုတ်ဖော်ပြောကြား ကြသည်။ အမျိုးသမီး သတင်းထောက်များကလည်း ကိုယ်တိုင် ဆင်ဆာဖြတ်တောက်မှု အထူးအရေးတကြီး လိုအပ်ကြောင်းနှင့် အမျိုးသားများကို ဦးစားပေးသောဓလေ့နှင့် နိုင်ငံရေးစံများကို ကမောက်ကမ မလုပ်မိအောင် သတိထားနေရကြောင်း ထုတ်ဖော်ပြောကြားကြသည်။ မီဒီယာလွတ်လပ်ခွင့်သည် မဲဆန္ဒရှင်များအား အသိပညာပေးရာတွင် လွန်စွာအရေးပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ ရွေးကောက်ပွဲ လုပ်ငန်းစဉ်အပေါ် သတင်းထောက်များ ထိတွေ့လေ့လာခွင့် လွယ်ကူချောမွေ့စေရန်အတွက် ကော်မရှင်အဖွဲ့ခွဲများထံ ရှင်းလင်းတိကျသော ညွှန်ကြားချက်များပေးခြင်း စသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ယခုကြိုးပမ်း အားထုတ်နေမှုများကို ဆက်လက်ဆောင်ရွက်ရန် Carter Center မှ အားပေးတိုက်တွန်းပါသည်။ အစိုးရနှင့် လုံခြုံရေး တာဝန်ရှိသူများသည် သတင်းထောက်များ၏ ရေးသားတင်ပြမှုအပေါ် နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဟန့်တားခြင်း မပြုလုပ်သင့်ပါ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်ခွဲများအား အုပ်ချုပ်နေသော စည်းမျဉ်းမူဘောင်တွင် အားနည်းချက်များရှိသည် မှန်သော်လည်း စောင့်ကြည့်လေ့လာသူများ၏ စေ့စေ့ငုငု စိစစ်ဖော်ပြနိုင်ခြေများကို မမှုဘဲ လေ့လာခွင့်ပြုခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၏ ပွင့်လင်းမှုအပြင်၊ ၎င်းတို့လုပ်ဆောင်မှုများကို တတ်နိုင်သမျှ စွမ်းဆောင်ရည်ရှိရှိ၊ ဘက်မလိုက်ဘဲ လုပ်ဆောင်ရန် သန္နိဋ္ဌာန်ချထားပုံရခြင်းတို့ကြောင့် Carter Center အနေဖြင့် အထင်ကြီးလေးစားရပါသည်။ မဲဆန္ဒရှင်စာရင်းပြုစုခြင်းကို နယ်မြေအတော်များများတွင် လုပ်ဆောင်နေပြီဖြစ်သော်လည်း မဲဆန္ဒရှင် ပညာပေးခြင်း လုပ်ငန်းကိုမူ မစတင်ရသေးပါ။ ကြိုတင်မဲပေးခြင်း၊ မဲပေးရန် အကျုံးဝင်မည့် သက်သေခံလက်မှတ်၊ အိုးမဲ့အိမ်မဲ့များ ကဲ့သို့သော ခက်ခဲသည့် မေးခွန်းများအတွက် ကော်မရှင်အဖွဲ့ခွဲများသည် ပြည်ထောင်စုအဆင့်မှ ညွှန်ကြားချက်ကို စောင့်လျှက်ရှိသည်။

နိုင်ငံတော်အဆင့်တွင် ရွေးကောက်ပွဲအရည်အသွေးကောင်းမွန်ဖို့ရာ စီမံခန့်ခွဲရေးတွင် ကိုင်တွယ်ရမည့်ကိစ္စရပ်များစွာရှိသည်ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ သိနားလည်ပြီးဖြစ်ကြောင်း အသိပေးမှုများပြုလုပ်ခဲ့ပြီး ဖြစ်သည် ။ အဆိုပါကိစ္စရပ်များစွာတွင် နည်းစနစ်၊ နည်းပညာနှင့် ဆိုင်သော အားနည်းချက်များ၊ ဝန်ထမ်းများ၏ လုပ်ငန်းတတ်သိကျွမ်းကျင်မှု၊ ဘတ်ဂျက်အကန့်အသတ်၊ ဒေသဆိုင်ရာရုံးများတွင် အမြဲတမ်း ဝန်ထမ်း အနည်းငယ်သာရှိမှု၊ ကျား မ အချိုးအစား မမျှတမှု၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အားနည်းမှု၊ ဥပဒေ၊စည်းမျဉ်းများ အသုံးချရန်အားနည်းမှု၊ လုပ်ထုံးလုပ်နည်းများ အများအပြား ရေးဆွဲရန်လိုအပ်နေမှု တို့ ပါဝင်သည်။ ယင်းကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် အရပ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် တိုင်ပင်ဆွေးနွေးမှုများပြုလုပ်၍ မဟာဗျူဟာစီမံကိန်းကို ၂၀၁၄ခုနှစ်တွင် ရေးဆွဲချမှတ်ခဲ့ပါသည်။[20]

*ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ၏ လွတ်လပ်မှုအပေါ် အမြင်*။ ။ပြည်နယ်၊ တိုင်းဒေသကြီးနှင့် မြို့နယ် အဆင့်တွင် ကော်မရှင်အဖွဲ့ခွဲများသည် ဒေသဆိုင်ရာအစိုးရနှင့် မကင်းလွတ်ဟူသည့် အမြင်များ ရှိကြပါသည် (ဒေသဆိုင်ရာအစိုးရကိုယ်တိုင် ပြည်ခိုင်ဖြိုးပါတီနှင့် ရင်းနှီးပတ်သက်မှုရှိသည်ဟု ခံယူထားကြသည်)။ ထိုအမြင်များက ကော်မရှင်အဖွဲ့ခွဲများ သမာသမတ်ကျနိုင်မည်မဟုတ်ဟု စိုးရိမ်မှုများဖြစ်ပေါ်စေသည်။ မိမိတို့ ရောက်ရှိခဲ့သည့် ပြည်နယ်နှင့်တိုင်းဒေသကြီး (၆)ခုလုံးတွင်ရှိသော နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်း များက အကယ်၍ ဒေသဆိုင်ရာအစိုးရ တာဝန်ရှိပုဂ္ဂိုလ်များက ဖိအားပေးခဲ့ပါက ကော်မရှင်အဖွဲ့ခွဲများသည် လွတ်လပ်မှုရှိစွာ လုပ်ကိုင်နိုင်လိမ့်မည် မဟုတ်ဟု စိုးရိမ်စွာဆိုကြသည်။

၂၀၁၄ ခုနှစ် အောက်တိုဘာလတွင်ထုတ်ပြန်ခဲ့သော ကော်မရှင်၏ ညွှန်ကြားချက်အရ ပြည်နယ်/တိုင်းဒေသကြီး အဆင့် ခရိုင်အဆင့် နှင့် မြို့နယ်အဆင့် ကော်မရှင်အဖွဲ့ခွဲများကို ယေဘုယျအားဖြင့် အဖွဲ့ဝင် (၁၅) ဦးဖြင့် ဖွဲ့စည်းရန်၊ ၎င်းတို့အနက် (၉)ဦး သည် သက်ဆိုင်ရာ အဆင့်အလိုက် အစိုးရဌာနများမှ ပုဂ္ဂိုလ်များ

---

[20] ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် မြန်မာနိုင်ငံ၊ ၂၀၁၄-၂၀၁၈ မဟာဗျူဟာ၊ စာမျက်နှာ ၇ ကို ဖတ်ရှုရန်၊ ကော်မရှင်သည် ထိုသို့သော မဟာဗျူဟာ အစီအစဉ်တစ်ခုကို ရေးဆွဲကျင့်သုံးသော အနည်းစု ရွေးကောက်ပွဲ အာဏာပိုင်အဖွဲ့အစည်းများထဲမှ တစ်ခု ဖြစ်ပါသည်။

ခန့်အပ်ရန်ဖြစ်ပြီး ကျန်(၆)ဦး သည် (စေတနာ့ဝန်ထမ်း အဖွဲ့ဝင်များအဖြစ် ရည်ညွှန်းနိုင်သည့်) "အများယုံကြည်သည့် ပုဂ္ဂိုလ်များ" ဖြစ်ရမည်ဟု ဖော်ပြထားပါသည်။[21] ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်အများစုမှာ အစိုးရဝန်ထမ်း သို့မဟုတ် အငြိမ်းစား ဝန်ထမ်းများဖြစ်ရာ အခြေခံအားဖြင့် ကြံ့ခိုင်ရေးပါတီဦးဆောင်သည့် ဒေသဆိုင်ရာအုပ်ချုပ်ရေးမှ မကင်းလွတ်နိုင်၊ မလွတ်လပ်နိုင်ဟူသည့် အမြင်မျိုးရစေပါသည်။ ကော်မရှင်အဖွဲ့ခွဲဂင်များအား ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ တရားဂင်ခန့်အပ်သည်ဖြစ်သော်လည်း လက်တွေ့တွင် အမည်စာရင်းသည် ဒေသဆိုင်ရာအစိုးရအရာရှိများထံမှ ထွက်လာသည်ဟု ကော်မရှင်အဖွဲ့ခွဲဂင်များအပါအဂင် အများစုက ဖော်ပြပါသည်။

ကော်မရှင်သည် ၎င်း၏ ကိုယ်ပိုင်ဝန်ထမ်းများရှိသော အမြဲတမ်း အဖွဲ့အစည်းတစ်ခု ဖြစ်သော်လည်း ကော်မရှင် အဖွဲ့ခွဲများမှာမူ ၎င်းတို့၏ လုပ်ငန်းဆောင်တာ လုပ်ဆောင်မှုများကို အစိုးရဖွဲ့စည်းပုံပေါ်တွင် မှီခိုရပါသည်။ အထူးသဖြင့် တပ်မတော် ဦးစီးသော ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်မှ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) ကို မှီခိုရပါသည်။[22] မိမိတို့ ရောက်ခဲ့သော နယ်မြေများမှ ပြည်နယ်/တိုင်း ဒေသကြီးနှင့် မြို့နယ်အဆင့် ကော်မရှင်အဖွဲ့ခွဲရုံးများမှာ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် တွဲဖက် ဖွင့်လှစ်ထားကြောင်း တွေ့ရပါသည်။ အချို့နေရာများတွင် ကိုယ်ပိုင်ပစ္စည်းများ မရှိမှုနှင့် ကျွမ်းကျင်ပညာရှင်၊ အရင်းအမြစ်မရှိမှုတို့အပေါ် ကျေနပ်အားရမှုမရှိကြောင်း ကော်မရှင်အဖွဲ့ခွဲဝင်များမှ ဖော်ပြကြပါသည်။ ထွေ/အုပ်ရုံးမှ ပေးသော ပစ္စည်းများအပေါ် မှီခိုရခြင်းကြောင့် ပြည်သူများက အနုတ်လက္ခဏာဆောင်သော သဘောထားများရှိကြသည်ကို သိရှိကြသည်ဟု ဆိုပါသည်။ ကော်မရှင်၏ မဟာဗျူဟာစီမံကိန်းတွင် ကော်မရှင်အဖွဲ့ခွဲ ဝန်ထမ်းများ အရည်အသွေး အားကောင်းရေးနှင့် ဝန်ထမ်းဖြည့်တင်းမှုကို ဦးစားပေးလုပ်ဆောင်ရန် သတ်မှတ်ဖော်ပြထားပါသည်။ ကော်မရှင်များနှင့် ထွေ/အုပ်ရုံး၏ ဆက်ဆံရေးမှာ လက်ရှိဥပဒေများနှင့် ညီညွတ်နေသော်လည်း ယင်းသည်ပင် ကော်မရှင်အဖွဲ့ခွဲများအပေါ် ယုံကြည်မှုမရှိရခြင်း အကြောင်းရင်းများအဖြစ် နိုင်ငံရေးပါတီများနှင့် အရပ်ဖက်အဖွဲ့အစည်း အဖွဲ့ဝင်များက ပုံမှန် ထောက်ပြနေခဲ့ကြပါသည်။

*တိုင်းရင်းသားနှင့် ကျား၊ မ ကွဲပြားစုံလင်မှု* ။ ပြည်နယ်နှင့်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲများ၏ အဖွဲ့ဝင်များတွင် အမျိုးသမီးများ၏ ကိုယ်စားပြုမှု နည်းပါးလှပြီး၊ Carter Center မှ သွားရောက်ခဲ့သော ဒေသများရှိ ကော်မရှင်အဖွဲ့ခွဲများတွင် အမျိုးသမီးအဖွဲ့ဝင် ၁ ဦးမှ ၃ ဦးအတွင်းသာ တွေ့ရပါသည်။ အပေါင်း လက္ခဏာဆောင်သော ခြွင်းချက်အချို့ (ဧရာဝတီတိုင်းဒေသကြီး ဖလွန်မြို့နယ်တွင် အမျိုးသမီးအဖွဲ့ဝင်(၆)ဦး၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်နှင့် ရှမ်းပြည်နယ် ပအိုဝ်း အထူးအုပ်ချုပ်ရေးဒေသတွင် (၅)ဦး ) မှအပ မြို့နယ်အဆင့်တွင်လည်း အမျိုးသမီးများ၏ ကိုယ်စားပြုမှု နည်းပါးသည်ကို တွေ့ရပါသည်။ ရွေးကောက်ပွဲ၊

[21] ရွေးကောက်ပွဲ ဥပဒေများသာမက ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥပဒေမှာပါ ကော်မရှင်အဖွဲ့ခွဲများတွင် စေတနာ ဝန်ထမ်း အဖွဲ့ဝင်များနှင့် စပ်လျဉ်း၍ မည်သည့် ရည်ညွှန်းချက်မှ မပေးထားပေ။ Carter Center ကွင်းဆင်းဝန်ထမ်းများ သွားရောက်လေ့လာခဲ့သော မြို့နယ်တွင် စေတနာ ဝန်ထမ်း အဖွဲ့ဝင်အများစုသည်လည်း အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများ ဖြစ်ကြသည်။

[22] နယ်စပ်ရေးရာ၊ ကာကွယ်ရေးနှင့် ပြည်ထဲရေး ဝန်ကြီးဌာနများသည် တပ်မတော် တာဝန် ထမ်းဆောင်နေသူများအထဲမှ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်မှ အမည်စာရင်းတင်သွင်း ခန့်အပ်ထားသော သူများ ဖြစ်သည်။ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသည် အခွန်ကောက်ခြင်းမှ မြေယာစီမံခန့်ခွဲခြင်းနှင့် မှတ်ပုံတင်ခြင်းနှင့် အသိအမှတ်ပြု လက်မှတ်ပေါင်းစုံ ထုတ်ပေးသည့် လုပ်ငန်းစဉ်များစွာအထိတွင် အခန်းကဏ္ဍပေါင်းစုံမှ ပါဝင်သည်။ ထွေ/အုပ်ဌာန၏ အဓိက တာဝန်မှာ နိုင်ငံ၏ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေး ဖွဲ့စည်းပုံများကို စီမံခန့်ခွဲရန် ဖြစ်ပါသည်။

နိုင်ငံရေးနှင့် အုပ်ချုပ်ရေးအပိုင်းများတွင် အမျိုးသမီး ကိုယ်စားပြုမှု နည်းပါးသောကြောင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် အမျိုးသမီးများပါဂင်မှု တိုးတက်လာစေရန် အစပျိုးမှုများ စတင်လုပ်ဆောင်ခဲ့ ပြီးဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၎င်း၏ ကျား၊မ ဆိုင်ရာ မူဝါဒမူကြမ်းကို အပြီးသတ်ရေးဆွဲခဲ့ပြီး မှတ်ချက်များရယူရန် မတ်လ(၁၈)ရက်နေ့ က အရပ်ဖက်လူမှု အဖွဲ့အစည်း(၂၈)သို့ ဖြန့်ဂေခဲ့သည်။

ကော်မရှင်အဖွဲ့ခွဲများတွင် တိုင်းရင်းသားကိုယ်စားပြုမှုသည်လည်း အလွန်ကွဲပြားမှုရှိပါသည်။ (မိမိတို့ ရောက်ရှိခဲ့သော မြို့နယ်များတွင် တိုင်းရင်းသားလူမျိုးအဖွဲ့ဝင် မပါဝင်သည့် နေရာမှ (၆)ဦး ပါဝင်သည့်နေရာများ ရှိသည်အထိ ကွဲပြားမှုရှိပါသည်။) တိုင်းရင်းသား ပြည်နယ်များတွင်ပင် တိုင်းရင်းသားအုပ်စုများ၏ ကိုယ်စားပြုမှု နည်းပါးသည်ကို တွေ့ရပါသည်။ မန္တလေးတိုင်းဒေသကြီးနှင့် (ကရင်တိုင်းရင်းသား ဦးရေများစွာရှိသော) ဧရာဝတီတိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲတွင် တိုင်းရင်းသားကိုယ်စားပြုမှု လုံးဝမရှိပေ။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ရွေးကောက်ပွဲ မတိုင်မီ နောက်ထပ် ကော်မရှင်အဖွဲ့ဝင်(၈)ဦး ခန့်ထားပေးရန် သမ္မတထံသို့ တောင်းဆိုထားပါသည်။ အဆိုပါအဖွဲ့ဝင်များသည် မြို့တော်တွင် ရုံးထိုင်နေသည်ထက် မိမိတို့ တာဝန်ယူရသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ သွားရောက် ရုံးထိုင်နိုင်ရန် ဖြစ်ပါသည်။ ယင်းသို့ ခန့်အပ်ထားရာတွင် သက်ဆိုင်ရာပြည်နယ်တစ်ခုစီရှိ တိုင်းရင်းသားအုပ်စုများထဲမှ ရွေးချယ်နိုင်ခဲ့လျှင် အများကြိုဆိုသော ကွဲပြားစုံလင်မှုရှိသည့် အဖွဲ့ဝင်ပုံစံတစ်ခုကို ရရှိနိုင်မည်ဖြစ်ပါသည်။

*မဲဆန္ဒရှင် ပညာပေးခြင်းနှင့် အရပ်ဖက်အဖွဲ့အစည်းများသို့ ရောက်ရှိလက်လှမ်းမီစေခြင်း။* ။ Carter Center မှ တွေ့ဆုံခဲ့သော သက်ဆိုင်ပါဂင်သူ stakeholder များအကြား သဘောတူညီချက်တစ်ခုမှာ မဲဆန္ဒရှင် ပညာပေးလုပ်ငန်းများ အကြီးအကျယ်အားထုတ် ဆောင်ရွက်ကြရန်လိုသည် ဟူသောအချက်ဖြစ်သည်။ ယင်းမှာ ရွေးကောက်ပွဲနှင့် ပတ်သက်သော အသိနှင့် ဗဟုသုတများ အထူးသဖြင့် ကျေးရွာအဆင့်တွင် သိရှိမှု အဆင့်နိမ့်ပါးလှသည် ဟူသောအသိကြောင့်ဖြစ်ပါသည်။ ဥပမာ မကြာသေးမီက ကောက်ယူထားသော စစ်တမ်းတစ်ခုအရ မဲပေးခွင့်ရှိသော မဲဆန္ဒရှင်များ၏ ၄၄% က သမ္မတကို တိုက်ရိုက် ရွေးကောက်သည်ဟု ယုံကြည်နေကြပါသည်။ အမှန်တကယ်တွင် တိုက်ရိုက်ရွေးကောက်ခြင်း မဟုတ်ပေ။[23] ထို့ကြောင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၏ မဲဆန္ဒရှင်ပညာပေးရေး ကြိုးပမ်းအားထုတ်မှုများကို ဖော်ပြပါ အရပ်ဖက်အဖွဲ့အစည်းများနှင့် ဒွန်တွဲ၍ ဆောင်ရွက်နိုင်ပါက မဲဆန္ဒရှင်များထံသို့ ရောက်ရှိလက်လှမ်းမိစေရေး အစီအစဉ်အောင်မြင်နိုင်မှာ ဖြစ်ပါသည်။

နိုင်ငံတော်အဆင့်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒရှင်စာရင်း မွမ်းမံ ပြုစုခြင်းနှင့် မဲဆန္ဒရှင် ပညာပေး လုပ်ဆောင်ခြင်းများကဲ့သို့သော ကိစ္စများတွင် အရပ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆက်တိုက်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ တွေ့ဆုံဆွေးနွေးမှုများသည် ယခင် မလုပ်ဆောင်ခဲ့ဖူးသော ယုံကြည်မှုတည်ဆောက်ခြင်း အစပျိုးချက်တစ်ခု ဖြစ်ပါသည်။ မယုံကြည်မှုများ ကျန်ရှိနေသော်လည်း ယခင်က မြင်သာမှုမရှိသော အဖွဲ့အစည်းများအပေါ် ပွင့်လင်းမြင်သာမှု အဆင့်သစ်တစ်ခု စတင်လိုက်ခြင်းသည် ကြိုဆိုရမည့်အားထုတ်မှုတစ်ခုဖြစ်ပါသည်။

[23] အာရှဖောင်ဒေးရှင်း၊ pp. ၃၈။

လက်ရှိအားဖြင့် ဒေသအဆင့်တွင် မဲဆန္ဒရှင် ပညာပေးလုပ်ငန်းများ အနည်းငယ်သာ လုပ်ဆောင်နေသည်ကို တွေ့ရပါသည်။ များသောအားဖြင့် ကော်မရှင်အဖွဲ့ခွဲဝင်များက ၎င်းတို့၏ မဲဆန္ဒရှင် ပညာပေးလုပ်ငန်းများ မလုပ်ဆောင်မီ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံမှ ညွှန်ကြားချက်များကို စောင့်နေသည်ဟု ဆိုပါသည်။ ရှမ်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲမှ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲရက် ကြေညာသည်နှင့် မဲဆန္ဒရှင် ပညာပေးလုပ်ငန်းများ စတင်မည်ဟုဆိုသော်လည်း၊ ကရင်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲမှ မဲဆန္ဒရှင် စာရင်း နောက်ဆုံးပြုစုပြီးသည်အထိ စောင့်မည်ဟုလည်းကောင်း အသီးသီးဆိုကြပါသည်။ မွန်ပြည်နယ်တွင် အဓိကကျသော လုပ်ဆောင်မှုများ စတင်လုပ်ဆောင်မှု မရှိသေးသော်လည်း အစိုးရ၊ ကော်မရှင်အဖွဲ့ခွဲနှင့် လူထုအခြေပြုအဖွဲ့အစည်းများကြား ပိုမိုထိတွေ့ ဆောင်ရွက်မှုများတွေ့ရပါသည်။

နေရာအများစုတွင် မည်သည့်ကိစ္စရပ်ကိုမဆို ကော်မရှင်များနှင့် အရပ်ဖက်အဖွဲ့အစည်းများကြား ထိတွေ့ဆောင်ရွက်မှုမှာ အကန့်အသတ်နှင့်သာရှိပါသည် (မြို့နယ်အဆင့်တွင် ချွင်းချက်များနှင့်တကွ) ။ အချို့ အရပ်ဖက်အဖွဲ့အစည်းများက ရွေးကောက်ပွဲစီမံခန့် ခွဲမှုအဖွဲ့များထံမှ သတင်းအချက်အလက်နှင့် လမ်းညွှန်ချက် များ မရဟု ခံစားရသည် ဆိုသကဲ့သို့ အချို့အဖွဲ့များက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများမှာ ပူးပေါင်းဆောင်ရွက်ခြင်း မရှိဟုဆိုပါသည်။ ကော်မရှင်အဖွဲ့ခွဲများကလည်း ၎င်းတို့အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ နောက်ထပ်လမ်းညွှန်မှုများနှင့် အသိအမှတ်ပြုလွှာ ထုတ်ပေးခြင်း လုပ်ငန်း နှင့် လိုက်နာရမည့်ကျင့်ဝတ်များ အတည်ပြုပြီးမှသာလျှင် အရပ်ဖက်အဖွဲ့အစည်းများနှင့် ပိုမို တက်တက်ကြွကြွ လုပ်ဆောင်လိုကြောင်း ဖော်ပြကြပါသည်။

<u>ရွေးကောက်ပွဲ မှန်ကန်ပြည့်စုံမှု တိုးတက်စေရေး : မဲပေးခွင့်ရရှိရန် သတ်မှတ်ချက်များ၊ မဲဆန္ဒရှင် မှတ်ပုံတင်ခြင်းနှင့် ကြိုတင်မဲပေးခြင်း</u>

၂၀၁၀ ရွေးကောက်ပွဲမှ အမွေဆက်ခံမှုတစ်ခုအဖြစ် ရွေးကောက်ပွဲစီမံခန့် ခွဲသည့်အဖွဲ့များ အပါအဝင် အစိုးရပေါ်တွင် သံသယများစွာ ရှိနေဆဲဖြစ်သောကြောင့် မဲပေးခြင်းအပေါ် လိုသလို ကိုင်တွယ်ကောင်း ကိုင်တွယ်နိုင်သည်ဟု လည်းကောင်း၊ သို့မဟုတ် ပါတီကြီးများ၏ အစိတ်အပိုင်းများ (သို့မဟုတ် အချို့ ကိစ္စရပ်များတွင် လက်နက်ကိုင် အုပ်စုများနှင့် ပတ်သက်နေသော ပါတီများ) ၏ မှားယွင်းသော လုပ်ဆောင်မှုများကို မျက်စိမှိတ်နေပေးနိုင်သည်ဟု လည်းကောင်း သံသယရှိနေဆဲဖြစ်ပါသည်။ မေးခွန်းအတော်များများကိုလည်း ဖြေပေးရန်လိုနေပါသေးသည်။ အထူးသဖြင့် (တပ်မတော်၏ မဲပေးခြင်းများ အပါအဝင်) ကြိုတင်မဲပေးခြင်းများနှင့် ပတ်သက်၍ လည်းကောင်း၊ အိုးမဲ့အိမ်မဲ့များ မဲပေးခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ တရားဝင်သက်သေခံလက်မှတ်ပုံစံ မရှိသူများ မဲပေးခြင်းနှင့်ပတ်သက်၍ လည်းကောင်း ရှင်းရှင်းလင်းလင်း အဖြေများ မရှိသေးပေ။ မည်သို့ပင်ဆိုစေကာမူ ၂၀၁၅ ရွေးကောက်ပွဲအတွက် ပြင်ဆင်နေမှုများမှာ ပြီးခဲ့သည့် ရွေးကောက်ပွဲများကထက် အလွန်ကြီးမားစွာ ခြားနားခဲ့ပြီ ဖြစ်ပါသည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒရှင်စာရင်းတိုးတက်စေရေးအတွက် စိတ်အားထက်သန်သည့် အစပျိုးချက်တစ်ခုအပါအဝင် အထက်တွင် ဖော်ပြခဲ့သော စိုးရိမ်ပူပန်မှုများကို ကိုင်တွယ်မည့် မူဝါဒများ ရေးဆွဲလျက် ရှိနေပါသည်။

*မဲဆန္ဒရှင်စာရင်း ပြုစုခြင်း*။ ။ မဲဆန္ဒရှင်စာရင်းကို မြို့ နယ်များနှင့် ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲများက ပြင်ဆင်ပေးရပါသည်။ ထိုသို့ ပြင်ဆင်ရာတွင် သက်ဆိုင်ရာ နယ်နိမိတ်အတွင်း နေထိုင်သည့် ဆန္ဒမဲပေးရန် သတ်မှတ်ချက် ပြည့်မီသူများ ပါဝင်ရမည့်အပြင်၊ သတ်မှတ်ချက် ပြည့်မီခြင်း မရှိသူများအား ဖယ်ထုတ်ခြင်းများ ပါဝင်သည်။[24] မဲဆန္ဒရှင်တိုင်းသည် စာရင်းတွင် ပါဝင်ရန်လည်းကောင်း၊ သတ်မှတ်ချက် ပြည့်မီခြင်းမရှိသူများအား ဖယ်ထုတ်ပေးရန် လည်းကောင်း တောင်းဆိုပိုင်ခွင့်ရှိသည်။ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများ၏ ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ မြို့နယ် ကော်မရှင်အဖွဲ့ခွဲများထံ အယူခံဝင်နိုင်ပြီး ၎င်း၏ဆုံးဖြတ်ချက်သည် အတည် ဖြစ်သည်။[25]

ပြီးခဲ့သည့် ရွေးကောက်ပွဲများတွင် အသုံးပြုခဲ့သော မဲဆန္ဒရှင်စာရင်းမှာ ကွန်ပြူတာဖြင့် ပြုစုထားခြင်း မဟုတ်သဖြင့် အရည်အသွေးမှာနိမ့်သည်ဟု ယေဘုယျ သဘောတူကြပါသည်။ ထိုအကြောင်းကြောင့် လည်းကောင်း၊ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီသော မဲဆန္ဒရှင်စာရင်း ဖြစ်အောင် ပြုပြင်မွမ်းမံရန် အချိန်မှာ အကန့်အသတ်ရှိခြင်းကြောင့် လည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သည် ရွေးကောက်ပွဲစနစ်အတွက် နိုင်ငံတကာ ဖောင်ဒေးရှင်း International Foundation for Electoral System (IFES) ၏ ပံ့ပိုးမှုဖြင့် နိုင်ငံတော်အဆင့် မဲဆန္ဒရှင်စာရင်းထပ်တိုးပြုစုမှုအစီအစဉ်ကို စတင်ဖော်ဆောင်လျက် ရှိပါသည်။ အဆိုပါအစီအစဉ်ကို ၂၀၁၄ခုနှစ် နိုဝင်ဘာလတွင် ရန်ကုန်၌ စတင်ခဲ့ပြီး၊ ထိုမှတဆင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်များသို့ တိုးချဲ့ ဖော်ဆောင်ခဲ့ပါသည်။ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလနှောင်းပိုင်းအထိ မဲဆန္ဒရှင်စာရင်းပြုစုခြင်းကို ပြည်နယ်နှင့်တိုင်းဒေသကြီး (၈) ခုရှိ မြို့နယ်(၅၉) ခုတွင် (မြို့ နယ်ပေါင်း၏ ၃၆% နှင့် နိုင်ငံအဝှမ်းရှိ မြို့နယ်ပေါင်း၏ ၁၇%) ဖော်ဆောင်လျက်ရှိပါသည်။ ကွန်ပြူတာ၏ Database အချက်အလက်ဘဏ်တွင် မဲဆန္ဒရှင် ၃.၁ သန်းကို ထည့်သွင်းပြီး ဖြစ်ပါသည်။

ကနဦး မဲဆန္ဒရှင်စာရင်းပြုစုရေးအစီအစဉ်ကို ဇူလိုင်လတွင် ပြီးစီးရန် ရည်မှန်းထားရာ စာရင်းရေးသွင်းမှု ပြီးစီးသော မြို့နယ်များ၊ ရပ်/ကျေးများတွင် ကနဦးမဲဆန္ဒရှင်စာရင်း ထုတ်ပြန်ရေးအဆင့်ကို မတ်လနှင့် ဇူလိုင်လအတွင်း မြင်တွေ့ ရမည်ဖြစ်သည်။ အသစ်ပြုစုထားသော မဲဆန္ဒရှင်စာရင်းကို ရပ်ကွက်/ကျေးရွာ အဆင့်ထိ ဩဂုတ်လတွင် တစ်ပြည်လုံးတွင် ပြသထားမည်ဖြစ်သည်။ နောက်ဆုံးအခွင့်အရေး အနေဖြင့် မဲဆန္ဒရှင်များသည် မိမိတို့ အမည်ပါ၊မပါ စစ်ဆေး၍ နောက်ဆုံး အတည်မပြုမီ လိုအပ်သော ပြောင်းလဲမှုများကို တောင်းဆိုနိုင်ပါသည်။

ခြုံကြည့်ပါက မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းစဉ်သည် ပိုင်နိုင်စွာ ဆက်လက်ဆောင်ရွက်နေပြီး မိမိတို့ ရောက်ရှိခဲ့သည့် မြို့နယ်များတွင် လျာထားသည့်ကာလအတိုင်း၊ အထူးသဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ထိရောက်မှုရှိရှိ လုပ်ဆောင်နေသည်ကို တွေ့ရပါသည်။ အချို့နေရာများတွင် နှောင့်နှေးမှုအချို့ရှိကြောင်း ဖော်ပြမှုများရှိသော်လည်း လုပ်ငန်းစဉ်တစ်ခုလုံးအတွက် ရေးဆွဲထားသော

---

[24] ရွေးကောက်ပွဲ ဥပဒေများသည် မဲဆန္ဒရှင် စာရင်းကို ပြင်ဆင် မွမ်းမံရာတွင် မည်သည့် နေ့ရက် နောက်ဆုံးထားရမည်ဟူသော ထည့်သွင်း ပြဋ္ဌာန်းထားခြင်းမရှိပဲ ထိုစည်းကမ်းချက်များကို ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ ဆုံးဖြတ်ရန် ဖြစ်သည်။

[25] ရွေးကောက်ပွဲ ဥပဒေများအရ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ထံတွင် "ကော်မရှင်အဖွဲ့ခွဲတိုင်း၏ လုပ်ငန်းဆောင်တာ လုပ်ဆောင်မှုများနှင့် စာရွက်စာတမ်းများကို သင့်တင့်သလို တောင်းယူကြည့်ရှုပြီး လိုအပ်သလို လေ့လာသုံးသပ်နိုင်၊ ဆုံးဖြတ်နိုင်သည်။"

အချိန်ဇယားကို အနှောင့်အယှက် ဖြစ်သည်အထိဟု မထင်ရပါ။ နေရာအတော်များများတွင် ဖော်ပြကြသော လျှပ်စစ်မီး ပြဿနာနှင့်ပတ်သက်၍ ထိခိုက်မှုရှိသော မြို့နယ်များသို့ မီးစက်များပံ့ပိုးခြင်းဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက ထိရောက်မြန်ဆန်စွာ ကိုင်တွယ်ပေးနိုင်သည်ကို ကြားသိရပါသည်။

Carter Center အနေဖြင့် မိမိတို့ ရောက်ရှိခဲ့သော ပြည်နယ်နှင့်တိုင်းဒေသကြီး (၆) ခုလုံးတွင် အဆိုပါ လုပ်ငန်းစဉ်နှင့်ပတ်သက်၍ စောင့်ကြည့်လေ့လာမှု ပြုလုပ်နိုင်ခဲ့ခြင်းနှင့် အခြေခံ သတင်းအချက်အလက်များ ကောက်ယူနိုင်ခဲ့ခြင်းများ ရှိပါသည်။ ချွင်းချက်တစ်နေရာမှလွဲ၍ (ကော်မရှင်အဖွဲ့ခွဲတစ်ခုမှ Carter Center အား မဲဆန္ဒရှင်စာရင်းပြုစုခြင်း လုပ်ငန်းစဉ်ပြီးမှသာ ကြည့်ရှုနိုင်မည်ဟု အကြောင်းကြားသောကြောင့်) မဲဆန္ဒရှင်စာရင်း ပြုစုလျက်ရှိသော နေရာတိုင်းတွင် မိမိတို့ဂန်ထမ်းများအား အတားအဆီးမရှိ ကြည့်ရှုနိုင်ရန် ဖိတ်ခေါ်ခဲ့ကြပါသည်။ မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ်တစ်ခုတွင်မှလွဲ၍ အရပ်ဖက်အဖွဲ့အစည်းများက စောင့်ကြည့်သည့်ကဏ္ဍတွင် လှုပ်ရှားခြင်းမရှိဘဲ အစိုးရနှင့် ကော်မရှင်အဖွဲ့ခွဲဝန်ထမ်းများကသာ သီးသန့် လုပ်ဆောင်နေကြပုံ ရှိပါသည်။[26]

*နိုင်ငံသားဖြစ်ခြင်းနှင့် မဲဆန္ဒရှင် အရည်အချင်းပြည့်မီမှု*။ ။ရွေးကောက်ပွဲ ဥပဒေများတွင် နိုင်ငံသား အပြည့်အဝဖြစ်သူများ၊ ဧည့်နိုင်ငံသားများ၊ နိုင်ငံသားပြုခွင့်ရသူများနှင့် ယာယီသက်သေခံလက်မှတ် (TRC) ကိုင်ဆောင်ထားသူများသည် မဲပေးရန် အကျုံးဝင်ကြောင်း ဖော်ပြထားပါသည်။ သို့သော် ယာယီသက်သေခံလက်မှတ် TRC ကိုင်ဆောင်ထားသူများ (ဝိုက်ကဒ်ကိုင်ဆောင်သူများဟုခေါ်ကြသော) ကို ရွေးကောက်ပွဲနှင့်ဆိုင်သော ရပိုင်ခွင့်များ မပေးသင့်ကြောင်း ပြင်းပြင်းထန်ထန် အချေအတင် ဆွေးနွေးမှုများ ရှိနေပါသည်။ ဝိုက်ကဒ်ကိုင်ဆောင်ထားသူ မည်မျှရှိကြောင်း မသိရှိနိုင်သော်လည်း (၆)သိန်းမှ တစ်သန်းကျော်ရှိနိုင်သည်ဟု ခန့်မှန်းကြပါသည်။ ၎င်းတို့အနက် အများစုမှာ မိမိကိုယ်ကို "ရိုဟင်ဂျာ"ဟု သတ်မှတ်ပြီး တရားဝင်အားဖြင့် "ဘင်္ဂါလီ" ဟု သိမှတ်ကြသော ရခိုင်ပြည်နယ်တွင် နေထိုင်သည့် မွတ်ဆလင်အုပ်စုဖြစ်သည်။ သို့သော် အခြားတိုင်းရင်းသား အုပ်စုများတွင်လည်း ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်သူများ အရေအတွက် တော်တော်များများ ရှိပါသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်တွင် ယာယီသက်သေခံလက်မှတ်ကိစ္စနှင့် ပတ်သက်၍ ရှုပ်ထွေးမှုများမှာ သိသိသာသာ ရှိနေပါသည်။ မိမိတို့ Carter Center မှ ကွင်းဆင်းသော ဝန်ထမ်းများ ရောက်ရှိခဲ့သော ကော်မရှင်အဖွဲ့ခွဲများတွင် လက်ရှိမဲဆန္ဒရှင်စာရင်း မွမ်းမံပြုစုမှုလုပ်ငန်းစဉ်တွင် ဝိုက်ကဒ် ကိုင်ဆောင်သူများ ထည့်သွင်းရေးကိစ္စကို ကိုင်တွယ်ရာတွင် တူညီမှုမရှိကြောင်း တွေ့ရပါသည်။ ကော်မရှင်အဖွဲ့ခွဲ အတော်များများက ဝိုက်ကဒ်ကိုင်ဆောင်သူများကို လက်ရှိမဲဆန္ဒရှင်စာရင်း ပြုစုမှုတွင် ဆက်လက် ထည့်သွင်းပေးလျက် ရှိသော်လည်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ နှစ်ခုကမူ ၎င်းတို့ကို ထည့်သွင်းမည် မဟုတ်ဟု ဖော်ပြခဲ့ပါသည်။

---

[26] ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် မဲဆန္ဒရှင်စာရင်း ပြင်ဆင်ပြုစုခြင်း လုပ်ငန်းစဉ်ကို စောင့်ကြည့် လေ့လာနိုင်ကြောင်း သဘောတူပြီး ၂၀၁၄ခုနှစ် မဲဆန္ဒရှင် စာရင်း ပြင်ဆင်မွမ်းမံခြင်း စံပြစီမံကိန်းလုပ်ခဲ့စဉ်ကလို အသိအမှတ်ပြုသည့် စာတစ်စောင် ထုတ်ပေးရန် ရည်ရွယ်ပါသည်။

အဆိုပါပေ့ဂါးမှုမှာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ (၁၁) ရက်နေ့ ထုတ်ပြန်သော သမ္မတရုံးမှ ကြေညာချက်အပြီးတွင် အဆုံးသတ်သွားပါသည်။ ကြေညာချက်အရ ယာယီသက်သေခံလက်မှတ်များ မတ်လကုန်တွင် သက်တမ်း ကုန်ဆုံးမည်ဖြစ်ပါသည်။ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်သူများသည် ၎င်းတို့၏ ကတ်ပြားများကို အာဏာပိုင်များထံ ပေးအပ်ရမည်ဖြစ်ပြီး၊ ဥပဒေစည်းမျဉ်းနှင့် စည်းကမ်းများနှင့် ကိုက်ညီမှု ရှိမရှိ အစစ်ဆေးခံရမည် ဖြစ်ပါသည်။[27] တဖန် ဖွဲ့စည်းပုံ အခြေခံဥပဒေခုံရုံးကလည်း အဆိုပြုထားသော အခြေခံဥပဒေဆိုင်ရာ ဆန္ဒခံယူပွဲတွင် နိုင်ငံသားများသည်သာ မဲပေးခွင့်ရှိသည်ဟု ဆုံးဖြတ်ခဲ့ရာ ၎င်းသည် ရွေး ကောက်ပွဲဥပဒေများအပေါ် အခြေခံဥပဒေဆိုင်ရာအကျိုးဆက်များ ရှိလာကောင်း ရှိလာနိုင်ပါ သည်။

ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူများသည် ၂၀၁၀နှင့် ၂၀၁၂ရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့် ရခဲ့ကြသည်ဟု Carter Center အနေဖြင့် မှတ်သားရပါသည်။ နိုင်ငံတကာ လူ့အခွင့်အရေး နှုန်းစံများက အခြေခံရပိုင်ခွင့်ကို အမြင့်ဆုံးအကာအကွယ် ပေးထားသည်။ ရပိုင်ခွင့်များကို ကန့်သတ်ရန်နှင့် ပယ်ဖျက်လိုလျှင် ခွဲခြားမှုမဖြစ်စေရေးအတွက် မှန်ကန်သင့်လျော်သော လုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်ရန်လိုပါသည်။ အကယ်၍ ယာယီသက်သေခံလက်မှတ်၏ ကုန်ဆုံးရက်ကို သတ်မှတ်သည့် ဆုံးဖြတ်ချက်သည် မဲပေးခွင့် ပယ်ဖျက်ခံရသည့် ရလာဒ် ထွက်ပေါ်စေပါက အထူးသဖြင့် ပြည်သူအတော်များများသည် အုပ်ချုပ်မှုဆိုင်ရာ လုပ်ဆောင်မှုတစ်ခုကြောင့် သက်ရောက်မှုတစ်ခု ခံစားရသည့် သဘောဖြစ်ပြီး၊ နိုင်ငံတကာ လူ့အခွင့်အရေး ကတိပြုစာချုပ်များ နှင့် အကောင်းဆုံးကျင့်စဉ်များတွင် ဖော်ပြထားချက် အချို့နှင့် ဆန့်ကျင်နေလိမ့်မည် ဖြစ်ပါသည်။[28] ထို့အပြင် ထိခိုက်နစ်နာသူများအနေဖြင့် (ICCPR ၏ ပုဒ်မ ၂.၃ အရ လိုအပ်ချက်) ထိုဆုံးဖြတ်ချက်အပေါ် ထိရောက်သော ဥပဒေအရ ပြုပြင်ကုစားမှုများ ရှာဖွေနိုင်မည့်ပုံ မပေါ်ပေ။ ထိုအဆင့်တွင် နိုင်ငံသားအဖြစ် အသိအမှတ်ပြုရန် ပြန်လည် လျှောက်ထားမည့် ဝိုက်ကဒ်ကိုင်ဆောင်သူများ၏ မဲပေးပိုင်ခွင့် မည်သို့ရှိမည်ဆိုသည်နှင့် နိုင်ငံသားဖြစ်ရေး သတ်မှတ်ချက် ပြည့်မီကြောင်း ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေမှုကြောင့် မဲပေးခွင့်အပေါ် မည်သို့သော သက်ရောက်မှုများ ရှိနိုင်သည်ဆိုသည်မှာလည်း ရှင်းရှင်းလင်းလင်း မရှိသေးပေ။ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထား သူများ အနေဖြင့် ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက် နောက်ပိုင်းတွင် သက်သေခံလက်မှတ် လက်ဝယ်မရှိမှုကို ကြုံတွေ့ရတော့မည် ဖြစ်ပါသည်။

ယာယီသက်သေခံလက်မှတ်ကိစ္စရပ်သည် မဲပေးနိုင်သည့် ရပိုင်ခွင့်အပေါ်တွင်သာမက နိုင်ငံရေး ပါတီတစ်ခု၏ အဖွဲ့ဝင်ဖြစ်နိုင်သည့် အရည်အချင်းအပေါ်တွင်ပါ သက်ရောက်မှုများရှိပါသည်။ ၂၀၁၄ခုနှစ် စက်တင်ဘာလတွင် နိုင်ငံရေး ပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်ခဲ့ရာ ပါတီတစ်ခု၏ ပါတီဝင်ဖြစ်နိုင်မည့် အမျိုးအစားများကို ပြောင်းလဲခဲ့ပါသည်။ ဝိုက်ကဒ်ကိုင်ဆောင်သူများနှင့် အစိမ်းရောင်ကဒ်ပြား ကိုင်ဆောင်ထားသော ဧည့်နိုင်ငံသားများ (Associate Citizens) သည် ပါတီဝင်ဖြစ်ခွင့်မရှိပေ။ ဝိုက်ကဒ်ကိုင်ဆောင် ထားသူများနှင့် အစိမ်းရောင်ကဒ် ကိုင်ဆောင်ထားသူများအပြင် အပြာရောင်ကဒ် ကိုင်ဆောင်ထားသူ နိုင်ငံသားပြုခွင့်ရသူများ (Naturalized Citizens) လည်း နိုင်ငံရေး ပါတီ တည်ထောင်နိုင်သူများ စာရင်းတွင် ပါဝင်ခွင့်မရှိပေ။ ထို့ကြောင့်

---

[27] ကမ္ဘာ့ မြန်မာ့အလင်း သတင်းစာ၊ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်။

[28] ICCPR၏ အပိုဒ် ၂နှင့် ၂၆၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း အပိုဒ် ၈၊ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မတီ CCPR အထွေထွေမှတ်ချက် အမှတ် ၁၈၊ ၂၅၊၂၆နှင့် ၃၁၊ နိုင်ငံတကာ လွှတ်တော် သမဂ္ဂ၏ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများအတွက် စံသတ်မှတ်ချက်များ ကြေငြာစာတမ်း။

နိုင်ငံရေးပါတီများသည် ဝိုက်ကာဒ်ကိုင်ဆောင်သူများကို ၎င်းတို့ ပါတီအဖွဲ့ဝင်များ စာရင်းမှ ဖယ်ထုတ်ရေး လုပ်ဆောင်ကြရမည်ဖြစ်ပြီး သို့မဟုတ်ပါက ပါတီမှတ်ပုံတင် ဖျက်သိမ်းခံရနိုင်ပါသည်။ မှတ်ပုံတင်ထားသော ပါတီ(၇၈)အနက် (၂၂)ပါတီကသာ ကနဦး သတ်မှတ်ရက်ဖြစ်သည့် ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၃၁ရက် မတိုင်မီ ၎င်းတို့၏ အဖွဲ့ဝင်စာရင်း နောက်ဆုံးပြုစုထားမှုကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ တင်ပြနိုင်ခဲ့ပါသည်။

*အိုးမဲ့အိမ်မဲ့ဖြစ်ရသူများနှင့် ရွှေ့ပြောင်းနေထိုင်ကြသူများ*။ ရှင်းရှင်းလင်းလင်း မရှိသော လုပ်ငန်းစဉ်များ နှင့်/သို့မ ဟုတ် တစ်ဦးချင်း ကိုင်ဆောင်ရသည့် အထောက်အထား စာရွက်စာတမ်းများ မရှိခြင်းကြောင့် မဲပေးနိုင်ခွင့်အပေါ် အနုတ်လက္ခဏာဆောင်သည့် ဆန့်ကျင်ဘက် သက်ရောက်မှုများ ရှိနိုင်သည့် အချို့မဲဆန္ဒရှင်မျိုး ရှိနေပါသည်။ ၎င်းအမျိုးအစားထဲတွင် ပြည်တွင်း၌ အိမ်ယာ စွန့်ခွာထွက်ပြေးနေရသည့် စစ်ရှောင်ဒုက္ခသည်များ (IDPs)၊ နိုင်ငံခြားတွင် ဒုက္ခသည်အဖြစ် ခိုလှုံခဲ့ပြီး ပြန်ရောက်လာသူများအပြင် (အလုပ်အကိုင် အခွင့်အလမ်း အလို့ငှာ မြန်မာနိုင်ငံနေရာအနှံ့သို့ ယာယီရွှေ့ပြောင်းနေထိုင်ကြသူများ) ရွှေ့ပြောင်းလုပ်သားများ ပါဝင်သည်။ ဥပဒေအရ အဆိုပါ မဲဆန္ဒပေးပိုင်ခွင့်ရှိသူများသည် ရွေးကောက်ပွဲရက် မတိုင်မီ ရက်ပေါင်း(၁၈၀)အထိ မိမိတို့နေထိုင်ရာ (ယာယီနေထိုင်ရာ နေရာအပါအဝင်) နေရာရှိ မဲဆန္ဒရှင်စာရင်းတွင် မှတ်ပုံတင်ခွင့်ရှိပါသည်။ မိမိလက်ရှိနေထိုင်ရာ နေရာတွင် အနည်းဆုံး ရက်ပေါင်း (၁၈၀) နေထိုင်ခဲ့ရန် လိုပါသည်။ ကော်မရှင်အဖွဲ့ခွဲ အများစုက ပြည်တွင်းစစ်ရှောင်ဒုက္ခသည်များနှင့် ရွှေ့ပြောင်းလုပ်သားများအတွက် ဤသတ်မှတ်ချက်အတိုင်း အသုံးပြုနိုင်ကြောင်း ညွှန်းဆိုကြပါသည်။ သို့သော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရှင်းလင်းပြမှု လိုအပ်နေသေးကြောင်း သို့မဟုတ် လုပ်ငန်းစဉ်နှင့် ပတ်သက်၍ မသေချာမှုများ ရှိနေသေးကြောင်း အချို့ မှပြောဆိုမှုများလည်း ရှိပါသည်။ အထောက်အထား ကိုင်ဆောင်ထားခြင်းမရှိသည့် ပြည်တွင်းစစ်ရှောင်ဒုက္ခသည်များနှင့် မိမိဒေသသို့ ပြန်ဝင်လာကြသူများအတွက် အစားထိုးထုတ်ပေးမည့် အထောက်အထား စာရွက်စာတမ်းများကို မည်သို့ထုတ်ပေးမည်ဆိုသည့် အချက်မှာ ရှင်းရှင်းလင်းလင်း သိရှိရခြင်း မရှိသေးပေ။

နောက်ဆုံးတွင် မဲဆန္ဒရှင်များ ယာယီနေထိုင်သောဒေသတွင် မဲပေးရန် ပြန်လည်မှတ်ပုံတင်ရာတွင် ကော်မရှင်အဖွဲ့ခွဲအချင်းချင်း မည်သို့မည်ပုံ အချက်အလက်များ ရယူ၊ပေးပို့၊ဖလှယ်ကြမည်ကို စောင့်ကြည့်ရန် လိုပါဦးမည်။ အခြားသောနေရာတွင် မဲထည့်မည့် မဲဆန္ဒရှင်များအား မဲစာရင်း နှစ်နေရာထပ်မှု၊ မမှန်ကန်မှုများ မဖြစ်စေရန်အတွက် ၎င်းတို့ မူလနေထိုင်ရာ ဒေသ မဲစာရင်းမှ (ယာယီအားဖြင့်ဖြစ်စေ) ပယ်ဖျက်ရခြင်းမှာ ဥပဒေနှင့် ကိုက်ညီမှုရှိပါသည်။ နိုင်ငံရေးပါတီ ပုဂ္ဂိုလ်အချို့ မှ အိုးအိမ်များ စွန့်ခွာထွက်ပြေးရမှုကြောင့် သို့မဟုတ် ကိုင်ဆောင်ရမည့် အထောက်အထား စာရွက်စာတမ်း မရှိခြင်းကြောင့် မဲဆန္ဒရှင်စာရင်းမှ ပယ်ဖျက်ခံထားရနိုင်သည့် မဲပေးရန်သတ်မှတ်ချက်ပြည့်မီသော မဲဆန္ဒရှင်များ၏ အရေအတွက်မှာ မြင့်မားနေနိုင်သဖြင့် တရားဝင်စစ်ဆေးသည့် ကာလအတွင်း ပြင်ဆင်နိုင်ရန် မလွယ်သည့်အတွက် စိုးရိမ်မိကြောင်း ဆိုကြပါသည်။ အထူးသဖြင့် ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် နေထိုင်သူ အများစုနှင့် နေအိမ်များမှ စွန့်ခွာထွက်ပြေးနေရသူများတွင် အမျိုးသားမှတ်ပုံတင်ကဒ်ပြား မရှိသောကြောင့် ပြဿနာမှာ ကြီးမား၍ အလေးအနက်ထားရမည့်ပုံ ပေါ်နေသည်။ ကရင်ပြည်နယ်အရှေ့ပိုင်းတွင် ခန့်မှန်းခြေအားဖြင့် လူတစ်သိန်းခန့်သည် အစိုးရထိန်းချုပ်သော နယ်မြေမဟုတ်သည့် ထိုင်းနိုင်ငံနယ်စပ်ဒေသ များတွင် နေထိုင်လျက် ရှိပါသည်။ အဆိုပါပုဂ္ဂိုလ်များအတွက် အစိုးရက အမျိုးသားမှတ်ပုံတင်ကဒ်ပြား

ထုတ်ပေးမှုကို အားထည့်မလုပ်ဆောင်နိုင်ခြင်းမရှိပါက ၎င်းတို့၏မဲပေးခွင့်ရနိုင် မရနိုင် သံသယဖြစ်မိကြောင်း ကရင်ပြည်နယ်မှ ကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက Carter Center ကို ဖော်ပြကြပါသည်။ လက်ရှိအားဖြင့် အဆိုပါပြည်သူများ၏ အမည်များသည် နောက်ဆုံးမဲဆန္ဒစာရင်း ပြင်ဆင်ပြုစုရာတွင် ပါဝင်နိုင်ရန် မည်သို့ ထိထိရောက်ရောက် ထည့်သွင်းနိုင်မည်ကို ရှင်းရှင်းလင်းလင်း မသိရှိရပေ။

*ကြိုတင်မဲပေးခြင်း။* ။ ရွေးကောက်ပွဲ ဥပဒေများအရ မဲပေးသည့်နေ့တွင် မိမိနှင့် သက်ဆိုင်သော မဲရုံသို့ သွားရောက် မဲမပေးနိုင်သည့် မဲဆန္ဒရှင်များသည် ကြိုတင်မဲဆန္ဒပေးနိုင်ရန် အကျုံးဝင်ပါသည်။ ထိုသို့သော မဲဆန္ဒရှင်များတွင် ကျန်းမာရေး သို့မဟုတ် သွားလာနိုင်မှုဆိုင်ရာ အကြောင်းပြချက်ဖြင့် ၎င်းတို့၏ မဲရုံများသို့ မသွားရောက်နိုင်သူများ၊ တပ်မတော်သားများနှင့် ၎င်းတို့၏ မိသားစုဝင်များကဲ့သို့သော မိမိတို့နေထိုင်ရာအရပ်မှ အဝေးသို့ ရောက်နေသူများ၊ ၎င်းတို့၏ မိခင်မဲဆန္ဒနယ်မြေပြင်ပတွင် ရောက်နေသော ကျောင်းသားများ၊ သင်တန်းသားများနှင့် ကျယ်ကျယ်ပြန့်ပြန့်ဆိုရလျှင် မိမိတို့နှင့် သက်ဆိုင်သောနယ်မြေမှ တာဝန်ဖြင့် အဝေးသို့ရောက်နေသော ပြည်သူ့ဝန်ထမ်းများကဲ့သို့သော မဲဆန္ဒရှင်များ ပါဝင်သည်။ (အခန်း - ၄၆)

ကြိုတင်မဲပေးခြင်းကို မည်သို့လုပ်ဆောင်စေမည်ဆိုသည်နှင့် ပတ်သက်၍ ရှင်းလင်း ပြတ်သားသော စည်းမျဉ်းများမရှိပါက ကြိုတင်မဲနှင့် ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုတွင် စိုးရိမ်ဖွယ်ဖြစ်ကြောင်း ရောက်ရှိခဲ့ဖူးသမျှ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အရပ်ဖက်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အပြင် အချို့ကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ဝင်များ ကိုယ်တိုင်က ဖော်ပြခဲ့ကြပါသည်။ ပါတီတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ၂၀၁၀ နှင့် ၂၀၁၂ တွင် ရွေးကောက်ပွဲဝင်ခဲ့သော အချို့ကိုယ်စားလှယ်လောင်းများက ကြိုတင်မဲများကို လိုသလို ကိုင်တွယ် ထိန်းချုပ်ခဲ့ခြင်းကြောင့် ၎င်းတို့ ရှုံးရကြောင်း ယုံကြည်နေကြပါသည်။ အထူးသဖြင့် တပ်မတော်သားများနှင့် ၎င်းတို့၏ မိသားစုများ၏ ကြိုတင်မဲများနှင့် ပတ်သက်ပြီး၊ ကြိုတင်မဲပေးမည့် စာရင်းတွင် မည်သူများ ပါဝင်ရမည်ဆိုသည်ကို ပွင့်လင်းမြင်သာမှု မရှိခြင်းနှင့် ကြိုတင်မဲပေးရာနေရာသို့ စောင့်ကြည့်လေ့လာသူများနှင့် ပါတီကိုယ်စားလှယ်များ လက်လှမ်းမမီ မဝင်ရောက်နိုင်ခြင်းများကိုလည်း ပြောကြပါသည်။ တပ်မတော် တပ်ရင်းပေါင်းများစွာရှိနေသည့် မဲဆန္ဒနယ်မြေများတွင် အထူးသဖြင့် ကြိုတင်မဲ၏ သက်ရောက်မှုများ ခံစားရနိုင်ဖွယ် ရှိပါသည်။ (ဥပမာအားဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်တွင် တပ်မတော်တပ်ရင်း(၃၀)ခန့် ရှိပါသည်) ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများမှ ညွှန်ကြားချက်များ မရှိခြင်းကြောင့် ကြိုတင်မဲပေးခြင်းနှင့် ပတ်သက်သော စည်းမျဉ်းများအပေါ် အမျိုးမျိုး အဓိပ္ပာယ် ကောက်ယူမှုများရှိနေသဖြင့် ယခင်ရွေးကောက်ပွဲများကဲ့သို့ပင် ကြိုတင်မဲ အသုံးချမှုများ လုပ်ဆောင်လိမ့်ဦးမည်ဟူသော ယူဆချက်များ ရှိနေပါသည်။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တစ်ခုတွင် တပ်မတော်နှင့် ရဲတပ်ဖွဲ့မှ တပ်များစွဲထားပြီး Carter Center မှ သိရသည်မှာ ကြိုတင်မဲဆန္ဒရှင်စာရင်းအား ပါတီကိုယ်စားလှယ်များထံသို့သာ ပေးပို့မည် ဖြစ်ပြီး၊ အများပြည်သူသို့ ပြသမည်မဟုတ်ပါ။ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတစ်ခုက ထုတ်ဖော်ပြောကြားရာတွင် တပ်မတော်မဲရုံများတွင် ကြိုတင်မဲပေးကြမည့်သူများ၏ အမည်နှင့် အရေအတွက်ကို လုံခြုံရေး အကြောင်းပြချက် ကြောင့် အများသိရှိအောင် မထုတ်ဖော်ကြောင်း ဆိုပါသည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတစ်ခုက ဖော်ပြရာတွင် တပ်မတော်နှင့် ရဲတပ်ဖွဲ့အဆောက်အဦးများတွင်

မဲပေးမှုရှိလိမ့်မည် မဟုတ်ဘဲ၊ တာဝန်ထမ်းဆောင်နေသူများ သည် ပုံမှန်မဲဆန္ဒရှင်စာရင်းတွင်သာ ပါဝင်လိမ့်မည်ဟု ဆိုပါသည်။

ကြိုတင်မဲပေးမှုလုပ်ငန်းစဉ်ကို နိုင်ငံတကာနှင့် ပြည်တွင်းစောင့်ကြည့်လေ့လာသူများအား ကြည့်ရှုခွင့် ပေး၊ မပေးနှင့် မည်သို့လေ့လာခွင့်ရမည်ဆိုသည်တို့နှင့် ပတ်သက်၍ ရှင်းလင်းမှု အနည်းငယ်သာရှိပါသည်။ (စောင့်ကြည့် လေ့လာသူ အသိအမှတ်ပြုလွှာထုတ်ပေးသည့် လုပ်ငန်းစဉ်တွင်မူ ကြိုတင်မဲပေးခြင်းကို စောင့်ကြည့် လေ့လာနိုင်သည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အစိတ်အပိုင်းများတွင် ထည့်သွင်းရေးသား ဖော်ပြထားပါသည်။) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် Carter Center နှင့် တွေ့ဆုံစဉ်က ကြိုတင်မဲပေးခြင်းကို ပွင့်လင်းမြင်သာမှုရှိစေမည့် လမ်းညွှန်ချက်များ ထုတ်ပြန်မည် ဖြစ်ကြောင်း ကတိပြုထားပါသည်။ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို ယုံကြည်မှုတည်ဆောက်ရန်ဆိုလျှင် အဆိုပါ လမ်းညွှန်ချက်များကို အမြန်ဆုံးရေးဆွဲပြီးမြောက်ရန် အရေးကြီးလှပါသည်။

*ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ယှဉ်ပြိုင်နိုင်သော နေရာများတွင် ရွေးကောက်ပွဲ ဖြစ်နိုင်ချေ အလားအလာ။*

။ လက်ရှိ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးမှုများ၏ အခြေအနေနှင့် ၎င်းနှင့် ရွေးကောက်ပွဲများကြား အဆက်အစပ်မှာ မသေချာမှုများ၊ ရှုပ်ထွေးမှုများ ရှိနေသော်လည်း တိုင်းရင်းသားပါတီ အများစုနှင့် တိုင်းရင်းသား လက်နက်ကိုင်အုပ်စု ကိုယ်စားလှယ်များက ရွေးကောက်ပွဲများ ကျင်းပနိုင်လိမ့်မည်ဟု အကောင်းမြင် ဖော်ပြမှုများ ရှိနေပါသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်ထားသော နယ်မြေများ သို့မဟုတ် (ရှမ်းပြည်နယ်မြောက်ပိုင်းကဲ့သို့သော) မြန်မာ့တပ်မတော်နှင့် ပဋိပက္ခ ဖြစ်နေသောနေရာများ တွင် ရွေးကောက်ပွဲများ ကျင်းပနိုင်ခြင်း ရှိ/မရှိဆိုသည်မှာ မေးစရာများ ဖြစ်နေဆဲပင်။ အခြေခံကျသည့် အခြေခံဥပဒေနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆိုင်ရာ မေးခွန်းများကို ဖြေကြားနိုင်ခြင်း မရှိသေးသည့် အချက်သည် အချို့တိုင်းရင်းသားပါတီများကြားတွင် အကောင်း၊ အဆိုး ခံစားရမှုများ ဖြစ်စေပါသည်။

ခြုံကြည့်ရလျှင် မိမိတို့ ရောက်ရှိခဲ့သည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်ရှိသော တိုင်းရင်းသား နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးလုပ်ငန်းစဉ်များအပေါ် ယုံကြည်မှုအဆင့်မှာ ၂၀၁၀ ခုနှစ်နှင့်ယှဉ်လျှင် ပိုမိုမြင့်မားလာကြောင်း ထုတ်ဖော်ပြောကြပါသည်။ ထို့အပြင် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စိတ်အားထက်သန်လျက်ရှိနေပုံရပြီး အကောင်းဆုံးဆောင်ရွက်နိုင်မည်ဟု ယုံကြည်မှုရှိနေပါသည်။ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ပါတီများ တည်ထောင်လျက်ရှိပြီး၊ ရွေးကောက်ပွဲအတွက် မဟာမိတ်ဖွဲ့ရန်ပင် စဉ်းစားလျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် ပြည်နယ်နှင့် မြို့နယ်အဆင့် ပါတီကိုယ်စားလှယ်များက ရွေးကောက်ပွဲနိုင်ငံရေးကြောင့် ၎င်းတို့၏ ပထမဦးစားပေးဖြစ်သော အပစ်အခတ်ရပ်စဲရေးညှိနှိုင်းမှုများ အားလျော့သွားမည် သို့မဟုတ် ဦးစားပေးအဆင့်မှလျှော့ကျသွားမည်ကို တက်ညီလက်ညီ စိုးရိမ်ကြပါသည်။

မိမိတို့ သွားရောက်ခဲ့သော ပြည်နယ်များမှ တိုင်းရင်းသား လက်နက်ကိုင်အုပ်စု အများစုကမူ ရွေးကောက်ပွဲကို ဟန့်တားနှောက်ယှက်မည့် ရည်ရွယ်ချက်ရှိသည့်ပုံမရှိပေ။ အချို့ဆိုလျှင် မဲရုံများ ဖွဲ့စည်းရန်နှင့် လုံခြုံရေးပေးရာတွင် ကူညီရန် စိတ်အားထက်သန်သည်ကို တွေ့ရပါသည်။ ၂၀၁၀ ရွေးကောက်ပွဲနှင့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲ များတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ မဲဆန္ဒနယ်အတော်များများတွင်

ရွေးကောက်ပွဲ ပယ်ဖျက်ခဲ့ပါသည်။[29] အချို့ပါတီကိုယ်စားလှယ်များက ယင်းဆုံးဖြတ်ချက်ကို ကန့်ကွက်ကြပြီး ၂၀၁၅ ခုနှစ်တွင်လည်း ထိုသို့သောပယ်ဖျက်ခြင်းမျိုး ဖြစ်လာမည်ကို စိုးရိမ်ကြောင်းပြောခဲ့ကြသည်။ သို့သော် ကော်မရှင်ဥက္ကဋ္ဌဦးတင်အေး ကရင်ပြည်နယ်သို့ ကရင်ခေါင်းဆောင်များနှင့် တွေ့ဆုံရန် သွားရောက်ခြင်း ကဲ့သို့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လက်လှမ်းမီထိတွေ့ရေး ကြိုးပမ်းမှုများကို (UEC outreach) နှစ်ခြိုက်ကြိုဆိုကြပါသည်။

ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ လက်နက်ကိုင်အုပ်စုများ၏ ကိုယ်စားလှယ်များက ၎င်းတို့ ထိန်းချုပ်ထားသော နယ်မြေများမှ ရွေးကောက်ပွဲများအတွက် အကူအညီပေးမည်ဖြစ်ကြောင်း ပြောခဲ့ကြပါသည်။ အနည်းဆုံး အနှောက်အယှက်မဖြစ်စေရဟု ကတိကဝတ်ပြုကြပါသည်။ ဒီမိုကရက်တစ် ကရင်တိုးတက်ရေးတပ် (DKBA) ၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ် (KNLA)၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ် - ငြိမ်းချမ်းရေး ကောင်စီ၊ ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ (KNPP) နှင့် ကရင်နယ်မြေသစ်ပါတီ (KNLP) တို့မှ ကိုယ်စားလှယ်များက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ကော်မရှင်အဖွဲ့ခွဲများနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု ဖော်ပြခဲ့ကြပြီး၊ ထောက်ပံ့ပို့ ဆောင်ရေးဆိုင်ရာ များတွင် လွယ်ကူချောမွေ့စေရန် ကူညီမည်ဖြစ်ကြောင်း ဆိုပါသည်။ မွန်ပြည်သစ်ပါတီကမူ ရွေးကောက်ပွဲတွင် အကူအညီပေးရန်ကိစ္စကို မည်သို့မှမဖွင့်ဟသော်လည်း မဲပေးခြင်းကို ခွင့်ပြုရန် ရည်ရွယ်ကြောင်း ဖော်ပြခဲ့ပါသည်။ နယ်စပ်မြို့များရှိ ကျေးရွာ အချို့တွင် လုံခြုံရေးကိစ္စမှာ စိုးရိမ်ရမှု ရှိနေဆဲဖြစ်သော်လည်း (ဥပမာ - ကရင်ပြည်နယ်ရှိ ဖာပွန်နှင့် မြဝတီမြို့များ၊ ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့် တောင်ပိုင်းရှိ နယ်စပ်မြို့များ) ၊ ယင်းပြဿနာများမှာ အတိတ်ကစိန်ခေါ်မှုများကဲ့သို့ ဖြစ်စေမည့်အလားအလာ မရှိပေ။

သို့သော် ချွင်းချက်မှာ ရှမ်းပြည်နယ်တောင်ပိုင်းတပ်၏ ပြန်လည်ထူထောင်ရေးကောင်စီ (RCSS-South) ၏ ကြေညာချက်များအရ တစ်ပြည်လုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွင် လက်မှတ်မထိုးရသေးပါက ၎င်းတို့ထိန်းချုပ်ထားသော နယ်မြေများတွင်မဲပေးခြင်းကို ခွင့်ပြုလိမ့်မည် မဟုတ်ကြောင်း ဆိုထားပါသည်။ ကိုးကန့်အမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ် (KNDAA) မှ ကိုယ်စားလှယ်တစ်ဦးက ပြောကြားရာတွင် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ မိုင်းလား အထူးဒေသ(၄)တွင် ရွေးကောက်ပွဲကျင်းပမည် မဟုတ်ကြောင်း ဆိုပါသည်။ (၂၀၁၀ခုနှစ်ကလည်း ရွေးကောက်ပွဲများ ကျင်းပခဲ့ခြင်း မရှိပေ။) ထိုဒေသတွင် နိုင်ငံရေးပါတီများလည်း မရှိဘဲ၊ ရှိနေသောအစိုးရရုံးများမှာလည်း အမည်ခံသာဖြစ်သည်ဟု သိရှိရပါသည်။

ရှေ့ ကာလတွင် ရွေးကောက်ပွဲများဖြစ်နိုင် မဖြစ်နိုင်မေးခွန်းထုတ်မှု အနည်းငယ်သာ ရှိသော်လည်း ပါတီနှင့် အရပ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်အချို့က တိုင်းရင်းသားလက်နက်ကိုင် အုပ်စုများရှိနေသော ဒေသများတွင် ၎င်းတို့၏လုပ်ဆောင်ချက်များမှာ အကန့်အသတ်များ အနှောက်အယှက်များ တွေ့ကြုံရသည်ဟု ဖော်ပြသည်။ ဥပမာအားဖြင့် ပါတီများသည် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) အား ၎င်းတို့လုပ်ဆောင်ချက်များကို ကြိုတင် တင်ပြရန် လိုအပ်ကြောင်း၊ (ပါတီများအနေဖြင့် ၂၀၁၀ ခုနှစ်

---

[29] ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၉၉(င)အရ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ကို "သဘာဝ ဘေးအန္တရာယ်ကြောင့် သော်လည်းကောင်း၊ နယ်မြေ လုံခြုံရေး အခြေအနေအရ သော်လည်းကောင်း၊ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်း မရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်း" (ရန်) ခွင့်ပြုထားပါသည်။ ရွေးကောက်ပွဲများဥပဒေ ပုဒ်မ ၅၀နှင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥပဒေ ပုဒ်မ ၈(စ)တို့တွင်လည်း အလားတူ ပြဋ္ဌာန်းချက်များ ပါဝင်သည်။

နှင့်ယှဉ်လျှင် ကန့်သတ်မှုများ နည်းပါးသွားသည် ဆိုကြသော်လည်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ဒေသတို့တွင် ကန့်သတ်မှုများနှင့် အနှောင့်အယှက်ပေးမှုများ ရှိနေကြောင်း ဖော်ပြကြပါသည်။ ယင်း ဆွဲဆိုမှုများသည် အထူးသဖြင့် ဤဒေသများတွင် ရွေးကောက်ပွဲ ကျင်းပပါက မည်သူက လုံခြုံရေးပေးမည် ဆိုသည့် မသေချာမှုများနှင့် ဆက်စပ်၍ ထွက်ပေါ်လာသော စိုးရိမ်စရာများကြောင့် ဖြစ်သည်။

<u>လူမျိုးရေး တင်းမာမှုများကြောင့် မတည်မငြိမ် ဖြစ်နိုင်သည့် သက်ရောက်မှုများ</u>

Carter Center မှ သွားရောက်ခဲ့သော ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်မူ လူမျိုးရေး တင်းမာမှုများ ထူးထူးခြားခြား ရှိနေသည်ကို မတွေ့ရပေ။ ရခိုင်ပြည်နယ်တွင် အများက လေးစားပြီး၊ သြဇာကြီးသော ဘာသာရေးနှင့် အစိုးရခေါင်းဆောင်များသည် ၎င်းတို့ လူ့အဖွဲ့အစည်းများအတွင်း အခြေအနေများ၏ ထူးခြားမှုကို လျင်မြန်စွာ ခွဲခြားသိရှိနိုင်စွမ်းရှိသည်ဟု ယေဘုယျ ဆိုနိုင်ပါသည်။ မည်သို့ပင်ဆိုစေကာမူ အများ လက်ခံထားကြသောအချက်မှာ ရွေးကောက်ပွဲနီးကပ်လာသည်နှင့်အမျှ ဘာသာရေးအား နိုင်ငံရေးအဖြစ် ပြောင်းလဲ အကြမ်းဖက်မှုဖြစ်နိုင်သည့် အန္တရာယ်ဖြစ်ပါသည်။ အကြမ်းဖက်မှုကို ကြိုတင်ကာကွယ်မည့် ကနဦးလုပ်ဆောင်မှုများ သို့မဟုတ် နောက်ကွယ်မှ တင်းမာမှုအကြောင်းရင်းများကို ဖော်ထုတ်ကိုင်တွယ်မှုများ သိပ်မတွေ့ရသည့်အပြင်၊ ရွေးကောက်ပွဲနှင့်ဆက်နွယ်ဖြစ်ပေါ်လာနိုင်သည့် တင်းမာမှုများကို သတ်သတ်မှတ်မှတ် ဖော်ထုတ်ကိုင်တွယ်မှုမျိုးလည်း မတွေ့ရပေ။

ထွက်ပေါ်လာသည့် အစွန်းရောက်လှုပ်ရှားမှုများကို ခြုံငုံကြည့်ရလျှင် ဘာသာရေးအရ ခွဲခြားဆက်ဆံမှုများပြုရန် သို့မဟုတ် အကြမ်းဖက်ရန်ဖြစ်ပြီး၊ အဆိုပါ လှုပ်ရှားမှုများမှာ သူခိုး ချိမပေါက်ဆိုသကဲ့သို့ပင် ကြိုတင်မှန်းဆရန် ခက်ခဲလှပါသည်။ မိမိတို့ သွားရောက်ခဲ့သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ အားလုံးတွင် မွတ်ဆလင် ဆန့်ကျင်သော အမြင်များကို ကြားရသော်လည်း၊ ခွဲခြားဆက်ဆံမှု သို့မဟုတ် အကြမ်းဖက် လုပ်ဆောင်မှုမျိုးကို ပြောင်ပြောင်တင်းတင်း ထောက်ခံသည်မှာ နည်းပါးသည်ဟုယူဆရပါသည်။ မွတ်ဆလင် အသိုင်းအဝိုင်းများမှာ ရပ်ရွာအသိုင်းအဝိုင်းများတွင် ယေဘုယျအားဖြင့် ပေါင်းစည်းနေကြသည်ဟု ဖော်ပြကြပါသည်။

မန္တလေးတွင် ထူးခြားသည့် အနေအထား တစ်ရပ် တွေ့ရပါသည်။ မန္တလေးတွင် မွတ်ဆလင် ဆန့်ကျင်ရေးနှင့် ပတ်သက်သော အရေးအသား အပြောအဆိုများမှာ ပိုပြီး ပုံမှန်သဖွယ် ဖြစ်နေသည်ကို တွေ့ရပြီး၊ မိမိတို့ ရောက်ရှိခဲ့သမျှ ပြည်နယ်နှင့်တိုင်းဒေသကြီးများနှင့်ယှဉ်လျှင် မန္တလေး၌ နိုင်ငံရေးမိန့်ခွန်းများတွင် မွတ်ဆလင် ဆန့်ကျင်ရေး သဘောများ ရောထွေးပါဝင်နေသည့် သဘောပင် တွေ့ရပါသည်။ ဥပမာအားဖြင့် - အချို့ မြို့နယ်များတွင် မွတ်ဆလင် စီးပွားရေးလုပ်ငန်းများ မလွှမ်းမိုးလာစေရန် တက်ကြွသည့် ကာကွယ်မှုများနှင့် လူ့အခွင့်အရေး အကာအကွယ်ပေးသူများကို ၎င်းတို့၏ မွတ်ဆလင်များဖက်မှ စာနာမှုများရှိသည့် ခံယူချက်များကြောင့် အန္တရာယ်ပြုမှုများ၊ ခြိမ်းခြောက်ခံရမှုများ ရှိကြောင်း Carter Center မှ ဝန်ထမ်းများသို့ အသိပေးခဲ့ကြပါသည်။

မွတ်ဆလင်အသိုင်းအဝိုင်းမှ ကိုယ်စားပြုသူအချို့က ၎င်းတို့၏ အချိန်မရွေး ထိခိုက်မှုခံစားရနိုင်သည့် အခြေအနေကို တစ်ညီတစ်ညွတ်တည်း ပြောကြားကြသော်လည်း ဖြစ်ရပ်နှစ်ခုတွင်မူ ၎င်းတို့အပေါ် ဆိုးရွားစွာတုန့်ပြန်မည်ကို စိုးရိမ်စိတ်ကြောင့် Carter Center အားပြောဆိုရန် ငြင်းဆန်ခဲ့သည်။ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပုဂ္ဂိုလ်များ သာမက)

အခြားပါတီများသည် (အထူးသဖြင့် ပြည်ခိုင်ဖြိုးပါတီသည်) ၎င်းတို့အပေါ် မွတ်ဆလင်လိုလားသူများအဖြစ် ပုံဖော်နေကြောင်း တစ်ထပ်တည်း စွပ်စွဲကြပြီး၊ ၎င်းမှာ မဲဆန္ဒရှင်များနှင့်ပတ်သက်၍ အနုတ်လက္ခဏာ ဆောင်သော သက်ရောက်မှုများ ရှိနိုင်သည့်အတွက် စိုးရိမ်ကြောင်းပြောကြားကြပါသည်။ ရွေးကောက်ပွဲ စည်းရုံးလှုံ့ဆော်မှုများက တအုံနွေးနွေး ဖြစ်နေသော တင်းမာမှုများကို ပိုမိုဆိုးရွားစေနိုင်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကလည်း မဲဆွယ်စည်းရုံးသည့်ကာလတွင် အမုန်းတရားပြောဆို နိုင်ချေများအတွက် ပူပန်ကြောင်း၊ အဆိုပါကိစ္စကို ထိန်းသိမ်းနိုင်ရန် နိုင်ငံရေးပါတီများနှင့် ပူးပေါင်း၍ လိုက်နာရမည့်ကျင့်ဝတ် ထဲတွင်ထည့်သွင်းရေးဆွဲသွားမည်ဖြစ်ကြောင်း Carter Center မှ သိရှိမှတ်သားရပါသည်။

*ဘာသာပေါင်းစုံအတွက် အစပျိုးလုပ်ဆောင်ချက်များ*။ ။ဘာသာပေါင်းစုံလုပ်ဆောင်မှုများကို တွေ့ရလေ့ မရှိသော်လည်း လူမျိုးများကြား အကြမ်းဖက်မှုကို ကာကွယ်ရန်နှင့် ဘာသာပေါင်းစုံ ဆွေးနွေးပွဲများကို အားပေးရန် ရပ်ရွာအခြေပြုအသိုင်းအဝိုင်းတွင် ကြိုးပမ်းမှုအချို့ ရှိပါသည်။ ဥပမာအားဖြင့် ရှမ်းပြည်နယ်၏ အချို့ဒေသများတွင် လူမျိုးအသီးသီးကြား ညီညွတ်စွာ ယှဉ်တွဲနေထိုင်နိုင်ရန် ငြိမ်းချမ်းရေးနှင့် ပတ်သက်သော အစည်းအဝေးများကို တစ်နှစ်နှစ်ကြိမ် ကျင်းပလေ့ရှိပြီး၊ အချို့အဖွဲ့အစည်းများက လအနည်းငယ်ခြား၍ ပြုလုပ်လေ့ရှိသော ဘာသာပေါင်းစုံ ဖိုရမ်များအကြောင်း ဖော်ပြကြသည်။ လုပ်ဆောင်မှုများ၏ ထိရောက်မှုကို မေးခွန်းထုတ်ဖွယ်ရှိသော်လည်း ကာလရှည်ကြာရှိနေပြီးသော ဘာသာပေါင်းစုံ တွေ့ဆုံဆွေးနွေးရေးအုပ်စု သည် ကရင်ပြည်နယ်တွင် တွေ့ဆုံခဲ့ပါသည်။ မန္တလေးတိုင်းဒေသကြီးတွင်လည်း လူထုအခြေပြုအဖွဲ့မှ ဦးဆောင်သော ငြိမ်းချမ်းရေးကော်မတီကို ၂၀၁၃ခုနှစ် မိတ္ထီလာ အကြမ်းဖက်မှုပြီးကတည်းက စတင် တည်ထောင်ခဲ့ပါသည်။[30]

## အကြံပြုချက်များ

မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော ရွေးကောက်ပွဲနှင့် ဆိုင်သော စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် အထူးသဖြင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်တွင် ယုံကြည်မှုတည်ဆောက်ခြင်းရန် ဆိုလျှင် ရေရှည် ကြိုးပမ်း လုပ်ဆောင်သွား ရမည်သာ ဖြစ်ပါသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ် ပွင့်လင်းစေရန်အတွက် အစိုးရနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တို့သည် ပြည်တွင်းနှင့် နိုင်ငံတကာ စောင့်ကြည့်လေ့လာသူများအတွက် ပြဌာန်းချက်များ ရေးဆွဲခြင်းအပါအဝင် စတင်လုပ်ဆောင်နေပြီ ဖြစ်ပါသည်။ ယခု ဦးတည်ချက်အတိုင်း အပေါင်းလက္ခဏာ ဆောင်သော ခြေလှမ်းများတိုးတက်ဖြစ်ပေါ်ရန်နှင့် ဒီမိုကရေစီစနစ်တစ်ခုတွင် အမြစ်တွယ်ပါဝင်သော အခြေခံ ရပိုင်ခွင့်များကို လေးစားလိုက်နာမှု မြင့်တင်နိုင်ရန် Carter Center အနေဖြင့် အောက်ပါတို့ကို ထောက်ခံ အကြံပြုအပ်ပါသည်။

---

[30] ၂၀၁၃ခုနှစ် မတ်လတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် မွတ်ဆလင်ဆန့်ကျင်ရေး အကြမ်းဖက်မှု ဖြစ်ပွားခဲ့ရာတွင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတစ်ပါး အသက်ဖြတ်ခံရပြီးနောက် အနည်းဆုံး ၄၄ ယောက် သေဆုံးခဲ့ရသည်။ နိုင်ငံတကာ အရေးအခင်းအုပ်စုမှ (၂၀၁၃ခုနှစ် အောက်တိုဘာ ၁ရက်ထုတ်) အသွင်ကူးပြောင်းမှု၏ အမှောင်ဘက်ခြမ်း - မြန်မာနိုင်ငံတွင် မွတ်ဆလင်များအပေါ် အကြမ်းဖက်ခြင်း ကို ဖတ်ရှုရန်။

*ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်*

- ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် သက်ဆိုင်ပါဝင်နေသူ (stakeholder) များအကြား ယုံကြည်မှုတည်ဆောက်ရန် ပိုမိုရှင်းလင်းပြတ်သားမှုနှင့် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျန်ရှိနေသော နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များကို အပြီးသတ်ခြင်း၊ အချိန်ကိုက် ထုတ်ပြန်ပေးခြင်းအားဖြင့် ယင်းကိစ္စကို ကိုင်တွယ်နိုင်ပါသည်။ ယင်းအပြင် နိုင်ငံအများစုတွင် စံလုပ်ထုံးလုပ်နည်းတစ်ခုဖြစ်သော ရွေးကောက်ပွဲ အချိန်ဇယားပြက္ခဒိန်တစ်ခု ထုတ်ဝေခြင်းကဲ့သို့ ဆောင်ရွက်ချက်များ လုပ်ဆောင်ခြင်းကိုလည်း ကော်မရှင်အနေဖြင့် စဉ်းစားနိုင်ပါသည်။
- တပ်မတော်နှင့် ရဲစခန်းများနှင့်ပတ်သက်သည့် ကြိုတင်မဲပေးမှု အပါအဝင် ကြိုတင်မဲပေးခြင်းမှန်သမျှနှင့် အိုးအိမ်မဲ့ဒုက္ခသည်များ မဲပေးခြင်းနှင့်ဆိုင်သော စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကို စောင့်ကြည့်လေ့လာသူများနှင့် ပါတီကိုယ်စားလှယ်များအား အပြည့်အဝ လေ့လာကြည့်ရှုခွင့် ပေးသင့်ပါသည်။
- ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ဘက်လိုက်မှု ကင်းရှင်းစေရေးနှင့် လူတစ်ဦးတိုင်း မဲပေးပိုင်ခွင့် ရှိစေရေး အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်စာရင်းအသစ် ပြုစုရာတွင် အားလုံးပါဝင်နိုင်ခွင့်ကို အမြင့်ဆုံးပေးသင့်ပါသည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မကြာမီကထုတ်ပြန်ခဲ့သော (အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ ပါဝင်မှုဖြင့် ရေးဆွဲခဲ့သည့်) စောင့်ကြည့်လေ့လာသူများအတွက် လိုက်နာရန်ကျင့်ဝတ်များသည် အရေးကြီးသော ပွင့်လင်းမြင်သာမှု ဆောင်ရွက်ချက်များဖြစ်သည်။ စောင့်ကြည့်လေ့လာသူများ အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တရားဝင်ခွင့်ပြုချက်ဖြင့် လုပ်ငန်းများစတင်နိုင်ရန် အတွက် အသိအမှတ်ပြုခြင်း လုပ်ထုံးလုပ်နည်းများလည်း စောလျှင်စွာ ထွက်လာရန် လိုပါသည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကော်မရှင်အဖွဲ့ခွဲများတွင် အမျိုးသမီးများနှင့် တိုင်းရင်းသား လူမျိုးစုဝင်များကို အဖွဲ့ဝင်အဖြစ်တိုးမြှင့်ခန့်အပ်ရန် စဉ်းစားသင့်ပါသည်။ ၎င်းသည် မြန်မာနိုင်ငံ၏ ကွဲပြားစုံလင်မှုကို ကောင်းစွာထင်ဟပ်မည်ဖြစ်ပြီး၊ ကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းအပေါ် လူထု၏ ယုံကြည်မှု တိုးတက်လာစေမည် ဖြစ်ပါသည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဒေသတွင်းရှိ ကော်မရှင်အဖွဲ့ခွဲများနှင့် နိုင်ငံရေးပါတီ များ၊ အရပ်ဘက်အဖွဲ့ စည်းများ ပိုမိုထိတွေ့ဆောင်ရွက်မှုရှိစေရန် တွန်းအားပေးရန် လိုအပ်ပါသည်။ ယင်းသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်အကြောင်း အများပြည်သူ သိရှိနားလည် ဗဟုသုတတိုးပွားအောင် တည်ဆောက်ပေးပြီး ကော်မရှင်အဖွဲ့ခွဲများ၏ အလုပ်ကို ယုံကြည်မှု တိုးပွား လာစေသည်။

*မြန်မာအစိုးရ*

- လွတ်လပ်စွာသင်းပင်းဖွဲ့စည်းခွင့်၊ စုဝေးခွင့်၊ ပြောဆိုခွင့်တို့သည် ဒီမိုကရေစီ ရွေးကောက်ပွဲလုပ်ငန်းစဉ် တွင် အသက်တမျှ အရေးပါပြီး အလွှာအားလုံးမှ အာဏာပိုင်များက အပြည့်အဝ ခွင့်ပြုပေးသင့်သည်။ လူထုစည်းဝေးပွဲများ ကျင်းပရာတွင် လိုအပ်သော စည်းကမ်းများကို ရိုးရှင်းအောင် ပြုလုပ်ပေးခြင်းသည်

နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ အားလုံးအတွက် မဲဆန္ဒရှင်များထံ သဘောထားအမြင်များ ဆက်သွယ်ဖြန့်ဖြူးပေးရန် လုံလောက်၊ မျှတသော အခွင့်အလမ်း ရရှိနိုင်စွမ်းကို မြှင့်တင်ပေးမည် ဖြစ်ပါသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် သတင်းထောက်များအား နှောင့်ယှက်ခြင်း၊ တားမြစ်ခြင်း၊ ဆိုးရွားစွာတုန့်ပြန်ခြင်း များကို စိုးရိမ်စရာ မလိုဘဲ လုပ်ကိုင်နိုင်သည့် စွမ်းရည် တိုးတက်လာမည့် ဆောင်ရွက်ချက်များကိုလည်း ဖော်ဆောင်ပေးသင့်ပါသည်။

- မဲပေးရမည်ဆိုသည့် အခြေခံရပိုင်ခွင့်ကို လေးစားလိုက်နာရန်အလို့ငှာ မဲဆန္ဒရှင်စာရင်းတွင် လက်ရှိပါဝင်နေသော ယာယီမှတ်ပုံတင်ကဒ် ကိုင်ဆောင်ထားသူများအား မကြာမီကထုတ်ပြန်ခဲ့သည့် ကဒ်ပြားသက်တမ်းကုန်ဆုံးကြောင်း ဆုံးဖြတ်ချက်ကြောင့် မဲပေးခွင့်မမဲ့စေသင့်ပါ။ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ဆောင် ချက်ကြောင့် မဲပေးပိုင်ခွင့်များ ဆုံးရှုံးခြင်းသည် အလေးအနက်ထားရမည့် ကိစ္စရပ်ဖြစ်ပြီး မျှတသော၊ ပွင့်လင်းမြင်သာမှုရှိသော၊ ခွဲခြားဆက်ဆံမှုကင်းသော ပြန်လည်သုံးသပ်မှု လုပ်ငန်းစဉ်ထားရှိ သုံးသပ်သင့်ပါသည်။
- နိုင်ငံတကာနှင့်ပြည်တွင်း လေ့လာစောင့်ကြည့်သူများ၏ လွတ်လပ်စွာသွားလာခွင့်ကို အာမခံချက်ပေးသင့်ပြီး၊ ၎င်းတို့၏လုပ်ရှားမှုများကို အတားအဆီးဖြစ်စေမည့် လုံခြုံရေးတာဝန်ရှိသူများ ဝင်ရောက်စွက်ဖက်နိုင်ခွင့် မပြုသင့်ပါ။

*သက်ဆိုင်ပါဝင်နေသူ (stakeholder) များ*

- တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများအနေဖြင့် နိုင်ငံရေးပါတီများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ၊ လေ့လာစောင့်ကြည့်သူများ၊ သတင်းထောက်များနှင့် ရွေးကောက်ပွဲ ကော်မရှင်ခွဲများ၏ အလုပ်ကို ဟန့်တားခြင်း မရှိကြောင်း လူသိရှင်ကြား ကတိကဝတ်ပြုသင့်ပါသည်။

- နိုင်ငံရေးသမားများအနေဖြင့်လည်း အမုန်းစကားများ၊ ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်မှုများ၊ ခွဲခြားမှုများကို ရှောင်ရှားရမည်ဖြစ်ပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ ကျင့်ဝတ်မူကြမ်းကို နိုင်ငံရေးပါတီများက လက်ရှိ ရေးဆွဲနေခြင်းသည် လက်ခံကြိုဆိုရမည့် တိုးတက်မှုတစ်ခု ဖြစ်သည်။ အစိုးရအနေဖြင့် တင်းမာမှု မြင့်မားနေသော နယ်မြေများရှိ လူနည်းစု အသိုင်းအဝိုင်းများကို အကာအကွယ်ပေးရန် ဆောင်ရွက်ချက်များ ပြုလုပ်ရန်လိုပါသည်။ ဘာသာအမျိုးမျိုးအကြား တွေ့ဆုံဆွေးနွေးရေး ကြိုးပမ်းမှုများကို လည်း တက်တက်ကြွကြွ ထောက်ခံအားပေးသင့်ပါသည်။